**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

ဒုတိယနေ့မှတ်တမ်း

**၁၃၈၁ ခုနှစ်၊ တပို့တွဲလဆန်း ၆ ရက်**

**( ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၃၀ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀:၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ အစီအစဉ်ကို ၁၀:၀၀ နာရီ အချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀:၀၁။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ် မြောက်ပုံမှန်အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀:၀၂။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ကတိသစ္စာမပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**အချိန်၊ ၁၀:၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ခ)အရ ကတိသစ္စာမပြုရသေးတဲ့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက ဥက္ကဋ္ဌ ရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ဒါကြောင့် တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက စင်မြင့်ရှေ့မှာ နေရာယူပေးဖို့ ဖြစ်ပါတယ်။

ကတိသစ္စာကို တိုင်ပေးတဲ့အခါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းများက လိုက်ဆိုဖို့ ဖြစ်ပါတယ်။

ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းမှာရှိတဲ့ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ ဖြစ်ပါတယ်။

ကတိသစ္စာ တိုင်ပေးတဲ့အခါ ကျွန်ုပ်ဆိုပြီးတဲ့နောက် မိမိအမည်ကို ထည့်သွင်းရွတ်ဆိုဖို့ ဖြစ်ပါတယ်။ (လိုက်ဆို)

ကျွန်ုပ် - - - –- - - - - - - - - - သည် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိ ရှိသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင် ဆောင်ရွက်ပါမည်။ ထို့အပြင် ယခု ကျွန်ုပ်ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။

အားလုံး ထိုင်နိုင်ကြပါပြီ။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀:၀၅။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့မှာ လွှတ်တော်

အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ် ဦးရေစုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့အစည်းအဝေးကို (၂၀၀)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၈၉.၆၉)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်သည့်ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နှင့် ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပ ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀:၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေးရဲ့ ဒုတိယနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင် ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီ အစီအစဉ်တိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀:၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၀၇။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော်(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ၃၀-၁-၂၀၂၀ ရက်နေ့မှာအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကိုယ်စား စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော်၊

လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဒေါ်အုန်းကြည်(ခ) ဒေါ်လှငွေး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ အမျိုးသားမြေယာဥပဒေ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်ကျော်ဇံ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ မြေပြန်စစ် အစည်းအဝေးတက်ရောက်ရန်။ ဦးစခင်ဇော်လင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ကျန်းမာရေး။ ဗိုလ်မှူးကြီးဇော်လွင်၊ တပ်မတော်သားကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန် တို့ပဲ ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၃)ဦးနဲ့ ယနေ့ ခွင့်ပန်ကြားသူ (၁၀)ဦးဖြစ်ပြီး စုစုပေါင်း ခွင့်ပန်ကြားသူ (၂၃)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀:၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀:၀၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို တက်ရောက်ခွင့်ရှိတဲ့

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၂၃)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၀)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၂၃)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ) အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။**　။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀:၁၀။**

**ဥက္ကဋ္ဌ။**　။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားသည့် ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနှင့် ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၃၉ အရ လွှတ်တော် အစည်းအဝေးများတွင် ပထမတစ်နာရီသည် မေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်ရန်ဖြစ်သော်လည်း သတ်မှတ်ထားသည့်အချိန်အတွင်း မေးခွန်းမေးမြန်းခြင်းနှင့် ဖြေကြားခြင်း မပြီးဆုံးခဲ့ပါက အစီအစဉ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လွှတ်တော်ကို ကြိုတင်အသိပေးပါတယ်။

**ကယားပြည်နယ်အတွင်း နေထိုင်ကြသည့် ယင်းဘော်၊ ဂေခို၊ ဂေဘား၊ ယင်းတလဲ၊ ဇယိမ်းလူမျိုးစုများအား အင်အားမလျော့နည်း မပပျောက်သွားအောင် တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၁၁။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၁၁။**

**ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသော ဧည့်သည်များ မင်္ဂလာပါ။ ကျွန်တော်က ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အတွင်းရှိ ပြည်နယ်များအနက် အသေးငယ်ဆုံးပြည်နယ်ဖြစ်သလို လူဦးရေမှာလည်း (၂၈၉၉၆)ဦးသာ နေထိုင်ပါတယ်။ ကယား၊ ကယန်း၊ ကယော၊ ယင်းဘော်၊ ဂေခို၊ ဂေဘား၊ ယင်းတလဲ၊ မနုမနော၊ ဇယိမ်း စသည့် တိုင်းရင်းသားမျိုးနွယ်စုများ ချစ်ကြည်ငြိမ်းချမ်းစွာနှင့် ရိုးသားစွာ အတူတကွ နေထိုင်ကြပါတယ်။ ၎င်းတို့နှင့်အတူ ရှမ်း၊ အင်းသား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်တိုင်းရင်းသားများလည်း အနည်းအကျဉ်း နေထိုင်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားမျိုးနွယ်စုများကို လေ့လာပါက အရေအတွက်အားဖြင့် ယင်းဘော် (၁၁၅၉)ဦး၊ ဂေခို (၈၅၃)ဦး၊ ဂေဘား (၁၀၀၃)ဦး၊ ယင်းတလဲ(၁၁၉၉)ဦး၊ ဇယိမ်း (၅၇၈)ဦး တို့သာရှိကြောင်း ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ စာရင်းဇယားများအရ သိရှိရပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် တစ်စတစ်စ အရေအတွက်နည်းပါးလာသော ဖော်ပြပါ တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ပေးပါရန်နှင့် မျိုးနွယ်စုများ မပျောက် ပျက်အောင် အစိုးရမှ လိုအပ်သည်များ ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ပါရန် ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၁၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀:၁၂။**

**ဦးလှမော်ဦး(ဒုတိယဝန်ကြီး၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန)။**	။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ကျွန်တော် ဦးလှမော်ဦး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးမှ မေတ္တာပို့သအပ်ပါတယ်ခင်ဗျား။ ကယား ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသိန်း ၏ ကယား ပြည်နယ်အတွင်း နေထိုင်ကြသည့် ယင်းဘော်၊ ဂေမို၊ ဂေဘား၊ ယင်းတလဲ၊ ဇယိမ်း လူမျိုးစုများအား အင်အားမလျော့နည်း မပပျောက်သွားအောင် တတ်နိုင်သည့်ဘက်မှ ကူညီပံ့ပိုးပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းနှင့်ပတ်သက်ပြီး ကယားပြည်နယ်အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့် အတူ ကျွန်တော်မှ ပေါင်းစပ်ဖြေကြားသွားမှာဖြစ်ပါတယ်ခင်ဗျား။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနကို ၃၀-၃-၂၀၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့ပြီး တိုင်းရင်းသားလူမျိုးများ၏အခွင့်အရေး ကာကွယ် စောင့်ရှောက်သည့် ဥပဒေပါ တိုင်းရင်းသားလူမျိုးတို့၏ အခွင့်အရေးများ ရရှိနိုင်ရေးအတွက် အလေး ထားဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ တိုင်းရင်းသားလူမျိုးများ၏ စာပေဖွံ့ဖြိုး တိုးတက်စေရေး၊ စာပေနှင့်ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံကျောင်းများတွင် တိုင်းရင်းသားဘာသာ စာပေသာမက ကျောင်းသင် ဘာသာရပ်များသင်ကြားရာတွင် အထောက်အကူပြု နေ့စားလပေး ဆရာ၊ ဆရာမတွေ (Teaching Assistant)နှင့် တိုင်းရင်းသားဘာသာစာပေသင် ဆရာ၊ ဆရာမ (Language Teacher)များကို ခန့်ထားနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။

အဲဒီလို ဆောင်ရွက်ပေးခဲ့တဲ့အတွက်ကြောင့် တိုင်းရင်းသားစာပေ တတ်မြောက်သည့်လူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိတဲ့အပြင် တိုင်းရင်းသားကျောင်းသား၊ ကျောင်းသူများ ပြဋ္ဌာန်းသင်ရိုး ညွှန်းတမ်းများကို ပိုမိုသိရှိပြီး သင်ယူနိုင်မှာဖြစ်သည့်အကြောင်းလည်း တွေ့ရှိရပါတယ်။ ကယား ပြည်နယ်မှာ ကယား၊ ကယန်း၊ ကယော၊ ဂေဘား စသည့် တိုင်းရင်းသားဘာသာတွေကို သင်ကြား ပေးလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ပညာသင်နှစ်မှာ နေ့စားလပေး ဆရာ၊ ဆရာမပေါင်း Teaching Assistant အနေနှင့် (၅၈)ဦး ခန့်ထားပေးခဲ့ကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် မှာ ကယားဘာသာသင် (၅၁)ဦး၊ ကယန်းဘာသာသင် (၇၆)ဦး၊ ကယောဘာသာသင် (၁၂)ဦးနှင့် ဂေဘားဘာသာသင် (၂)ဦး စုစုပေါင်း (၁၄၁)ဦးအား Teaching Assistant အဖြစ်လည်းကောင်း၊

ကယားဘာသာသင် (၁)ဦး၊ ကယောဘာသာသင် (၄)ဦး၊ ဂေဘားဘာသာသင် (၂)ဦး၊ စုစုပေါင်း (၇)ဦးအား Language Teacher များအဖြစ်ကျွန်တော်တို့ ခန့်ထားပေးနိုင်ခဲ့ပါတယ်။

ဒ့ါအပြင် တိုင်းရင်းသားကလေးငယ်များ ပညာသင်ကြားရာမှာ အထောက်အကူဖြစ်စေဖို့ အတွက် တိုင်းရင်းသားပုံပြပုံပြင်စာအုပ်တွေကို ထုတ်ဝေလျက်ရှိသည့်အခါမှာ ကယားပြည်နယ် အတွက်ဆိုလို့ရှိရင် ဂေဘားပုံပြပုံပြင်စာအုပ်(၁၀၈၀၀)အုပ်၊ မနုမနော (ကော်ယော်) ပုံပြပုံပြင်စာအုပ် (၂၇၀၀)အုပ်၊ ကယောပုံပြပုံပြင်စာအုပ် (၇၂၀၀)အုပ်၊ ကယန်းပုံပြပုံပြင်စာအုပ် (၉၃၆၀)အုပ်၊ ကယား ပုံပြပုံပြင်စာအုပ်(၁၁၅၂၀)အုပ်အား သက်ဆိုင်ရာ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များသို့ ဖြန့်ဝေပေးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ယခုလာမည့်နှစ်တွေမှာလည်း ဆက်လက် ဖြန့်ဝေ ပေးသွားဖို့အတွက် ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ကယားပြည်နယ်မှာ နေထိုင်လျက်ရှိတဲ့ အခြားသော ယင်းဘော်၊ ဂေမို၊ ယင်းတလဲ၊ ဇယိမ်း လူမျိုးစုများအနေနှင့်လည်း တိုင်းရင်းသားဘာသာများ သင်ကြားနိုင်ဖို့အတွက် ၎င်းတို့ လူမျိုးစုများကိုယ်တိုင် စာပေနှင့် ယဉ်ကျေးမှုအသင်းများ ဖွဲ့စည်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကယားပြည်နယ်မှာရှိသည့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီး ဌာန၏ ရုံးအဆောက်အအုံမှာ တိုင်းရင်းသားလူမျိုးများရဲ့ အစည်းအဝေးများ၊ ဆွေးနွေးပွဲများ၊ ဒေသ သင်ရိုးရေးဆွဲခြင်းများကို လာရောက်ကျင်းပလျက်ရှိပြီး ကျွန်တော်တို့အနေနဲ့လည်း Ethics Community Center အနေနဲ့ ဆောင်ရွက်နေသည့် အကြောင်းလေးကို ထည့်သွင်းတင်ပြလို ပါတယ်။ ကယားပြည်နယ်အတွင်းရှိ ကယား၊ ကယော၊ ကယန်း၊ ဂေဘား၊ မနုမနော(ကော်ယော်)၊ ယင်းတလဲ၊ ရှမ်း၊ ပအိုဝ်း၊ ကရင်၊ လီဆူနှင့် ဗမာ စသည့် တိုင်းရင်းသားစာပေ ယဉ်ကျေးမှုကော်မတီ တွေအတွက်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနပိုင်မြေနေရာတွင် ကယားပြည်နယ်အစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေဖြင့် (၆)ခန်းတွဲ(၂)ထပ် အရှည်အားဖြင့် (၁၂၀x၃၀)ပေရှိ (Steel Structure) တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ စုပေါင်းရုံးကို တည်ဆောက်ပေးထားပြီး ဖြစ်ပါ တယ်။ အဲဒီမှာ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးများအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ရုံးခန်းတွေမှာထိုင်ပြီး ဆောင်ရွက်ပေးလျက်ရှိသည့်အကြောင်းကိုလည်း ဖြည့်စွက်တင်ပြလိုပါတယ်။

ကယားပြည်နယ်ရှိ လူနည်းစုဖြစ်သည့် ကွယ်ပျောက်လုနီးပါးဖြစ်နေသည့် ယင်းတလဲ တိုင်းရင်းသားမျိုးနွယ်စုတွေရဲ့ ဘာသာစကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတွေကို ဖော်ထုတ် ထိန်းသိမ်းခြင်းများကို ဆောင်ရွက်နိုင်ရန်အတွက် ၁၇-၆-၂၀၁၉ ရက်နေ့မှ ၂၁-၆-၂၀၁၉ ရက်နေ့ အထိ ဘော်လခဲမြို့နယ်၊ စလဲလုံကျေးရွာနှင့် ဖားဆောင်းမြို့နယ်၊ ဝမ်းအောင်းကျေးရွာများသို့ သွားရောက်ကာ ယင်းတလဲလူမျိုးများရဲ့ လူနေထိုင်မှုဆိုင်ရာ Documentary ရုပ်သံမှတ်တမ်း တင်ခြင်းကို ရိုက်ကူး မှတ်တမ်းတင်ထားရှိခဲ့ပြီးဖြစ်ပါတယ်။

တိုင်းရင်းသားလူမျိုးများ မျိုးနွယ်စု မပျောက်ပျက်စေရေးကိစ္စနှင့် ပတ်သက်ပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေပါ အခွင့်အရေးများကို တိုင်းရင်းသားလူမျိုးများ ကျယ်ပြန့်စွာ သိရှိစေနိုင်ရေးအတွက် အသိပညာပေး ဟောပြောခြင်းများ၊ လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် နိုင်ငံသားအခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေး၊ အမျိုးသမီးများအခွင့်အရေး၊ မသန်စွမ်းသူများအခွင့်အရေး၊ လူ့အခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးများနှင့် သက်ဆိုင်သည့် အသိပညာပေး ဟောပြောခြင်းများ အပါအဝင် ဘာသာပြန်လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်း ကယားပြည်နယ်ရှိ ဗမာတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီးနှင့်အတူ အသိပညာပေးခြင်း အစီအစဉ်များကို (၂၀)ကြိမ်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ တိုင်းရင်းသားရေးရာ အခြေခံအချက်များ စစ်တမ်းကောက်ယူခြင်းဆိုင်ရာ စီမံချက်နှင့်အတူ (၇)ကြိမ်၊ စုစုပေါင်း (၂၇)ကြိမ်ဆောင်ရွက်ခဲ့ကြောင်းလည်း တင်ပြအပ်ပါတယ်။ ဒါ့အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့်ဥပဒေ၊ နည်းဥပဒေများကို အသိပညာပေးခြင်း၊ တိုင်းရင်းသားအခွင့်အရေးဆိုင်ရာ ပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်း ပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းတို့ကို ပြည်နယ်အတွင်း (၆)ကြိမ်ဆောင်ရွက်နိုင်ရန် လျာထားပါတယ်။ အဲ့ဒီလိုဆောင်ရွက်ရာမှာ လူနည်းစုဖြစ်ကြသည့် ယင်းဘော်၊ ဂေခို၊ ဂေဘား၊ ယင်းတလဲ၊ ဇယိမ်းလူမျိုးစုများ အများဆုံးနေထိုင်ကြသည့် ဒေသများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

ကယားပြည်နယ်တွင် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (၁)ဦးရှိပြီး အခြားသော တိုင်းရင်းသားရေးရာကိစ္စရပ်များကိုလည်း ဆောင်ရွက်နိုင်ရန် ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော(ကော်ယော်)နှင့် ယင်းတလဲ၊ စာပေနှင့် ယဉ်ကျေးမှုကော်မတီများအတွက် စုစုပေါင်းငွေကျပ် (၁၆၃.၃၂၇၅)သန်း၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ကယား၊ ကယန်း၊ ကယော၊ ဂေဘား၊ မနုမနော(ကော်ယော်)၊ ယင်းတလဲ လူမျိုးစုများအပြင် ကရင်၊ ဗမာ၊ ရှမ်း၊ ပအိုဝ်း စာပေနှင့် ယဉ်ကျေးမှုကော်မတီများအတွက်ပါ စုစုပေါင်းငွေကျပ် (၂၆၈.၁၁၄)သန်းကို ပြည်နယ်အစိုးရအဖွဲ့မှ ရန်ပုံငွေအသုံးစရိတ်များ စိစစ်ခွဲဝေချထားပေးပြီးကြောင်း တွေ့ရှိရပါတယ်။ အဆိုပါရန်ပုံငွေမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် ဒုတိယသုံးလပတ် (ဇန်နဝါရီလမှ မတ်လ) အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့မှ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့(၁၀)ဖွဲ့သို့ စုစုပေါင်းငွေကျပ်(၇၄.၄၃၈)သန်းကို ပေးအပ်ခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းတဲ့အထဲမှာ ပါရှိသည့် ဂေဘားတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအသင်းသို့ ငွေကျပ် (၁၁.၇၇၄)သန်းနှင့် ယင်းတလဲ တိုင်းရင်းသားစာပေယဉ်ကျေးမှုကော်မတီသို့ ငွေကျပ် (၃.၉၈)သန်းတိတိတို့ကို ပေးအပ်ခဲ့ကြောင်း တင်ပြအပ်ပါတယ်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဆောင်ရွက်နေသည့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသော အသက်(၂)နှစ်အောက် ကလေးသူငယ်များအတွက် ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ်ကို ဆောင်ရွက်လျက်ရှိရာ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ကယားပြည်နယ်၌ အကျိုးခံစားခွင့်ရှိသူ တစ်ဦးလျှင် တစ်လကို ငွေကျပ် (၁၅၀၀၀)နှုန်းဖြင့် သုံးလတစ်ကြိမ် ထောက်ပံ့ပေးလျက်ရှိကြောင်း သိရှိရပါတယ်။ အဆိုပါ အစီအစဉ်ကို ပိုမိုကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဘာသာပြန် လက်ကမ်းစာစောင်များကို သက်ဆိုင်ရာ တိုင်းရင်းသားတွေကို ဖြန့်ဝေပြီးဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနအနေနဲ့ တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ရိုးရာဓလေ့ထုံးတမ်း စသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်လျက်ရှိသည့်နည်းတူ အခြားသော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်လည်းပူးပေါင်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် တိုင်းရင်းသားလူမျိုးများ၏ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေး စသည်ဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ဒ့ါအပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များကလည်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ တိုင်းရင်းသားလူမျိုးများအတွက် တိုင်းရင်းသားရေးရာကိစ္စရပ်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်သုံးဦး မေးမြန်းတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စုတွင် မြေယာလျော်ကြေး တစ်စုံတစ်ရာမပေးဘဲ VANTAGE Co.,ltd. သို့ ပုစွန်ကန်များ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့သည့် မြိတ်မြို့ ငါးလုပ်ငန်းဦးစီးဌာန၏ ဆောင်ရွက်မှုများနှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၂။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးတင်ဝေ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၂။**

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၄ ခုနှစ်မှစ၍ မြိတ်ခရိုင်အတွင်း ပုစွန်မွေးမြူရေးလုပ်ငန်း သတ်မှတ်ကေပြည့်မီအောင် မွေးမြူနိုင်ရေးအကြောင်းပြကာ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စုတွင် နေထိုင်ကြသည့် တောင်သူများနှင့် အစည်းအဝေးပြုလုပ်ပြီး ဆုံးဖြတ်ချက် (၃)ချက်ချမှတ်ကာ တောင်သူများထံမှ မြေကေ(၂၀၀) သိမ်းယူခဲ့ကြောင်း အစည်းအဝေးမှတ်တမ်းအရ သိရှိရပါတယ်။ အစည်းအဝေးမှတ်တမ်း ဆုံးဖြတ်ချက်နံပါတ်(၂)တွင် ပုစွန်မွေးမြူရန် သိမ်းယူရာတွင် ပါဝင်သွားသော လယ်ကေ (၂၀၀)နှင့် အပိုဆောင်း(၁၀၀)ကေ စုစုပေါင်း(၃၀၀)ကေအား ယခုနှစ်မိုးရာသီအမီ စိုက်ပျိုးနိုင်ရန်အတွက် လယ်မြေအစားထိုး ဖော်ထုတ်ပေးရန်ဟုပါရှိပြီး တာဝန်ယူဆောင်ရွက်ပေးရမည့်ဌာနမှာ ငါးလုပ်ငန်းဦးစီးဌာနဖြစ်ကြောင်း သိရှိရပါတယ်။

၂၀၀၇ ခုနှစ် အစည်းအဝေးမှတ်တမ်းအရ တောင်သူများအား ကတိပြုထားသည့်အတိုင်း မြေယာအစားထိုး ဖော်ထုတ်ပေးခြင်းမရှိခဲ့သလို မြေယာလျော်ကြေး တစ်စုံတစ်ရာမျှမပေးဘဲ ပုစွန်မွေးကန်အား VANTAGE CO.,ltd သို့ ငွေကျပ်သိန်း (၃၉၀၀)ကျော်ဖြင့် လွှဲပြောင်းရောင်းချခဲ့ကြောင်း သဘောတူကတိစာချုပ်တွင် တွေ့ရှိရပါတယ်။ မိမိကိုယ်ပိုင်ပစ္စည်းဥစ္စာမဟုတ်ဘဲနှင့် တခြားလူကို ရောင်းချခြင်းသည် တောင်သူများ၏ ရိုးသားမှုကို ခုတုံးလုပ်ကာ ဥပဒေမဲ့လုပ်ဆောင်ခြင်းသာ ဖြစ်ပါတယ်။

Power Point အသုံးပြုခွင့်ပေးပါရန် တောင်းဆိုအပ်ပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်းမှ တာဝန်ရှိသူနှင့် တောင်သူများတွေ့ဆုံ၍ ပြုလုပ်ထားသည့် အစည်းအဝေးမှတ်တမ်းဖြစ်ပြီး အစည်းအဝေးမှတ်တမ်းတွင်ပါရှိသော ဆုံးဖြတ်ချက် (၃)ချက်ဖြစ်ပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနနှင့် VANTAGE CO.,ltd တို့ အရောင်းအဝယ်ပြုလုပ်ထားသည့်ပုံ ဖြစ်ပါတယ်။ ယခုအချိန်မှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား အစစအရာရာ တိုးတက်မြင့်မားလာအောင်၊ မြို့ပြနှင့်ကျေးလက်ဒေသ လူမှုစီးပွားအဆင့်အတန်းကွာဟချက်များ ကျဉ်းမြောင်းသည်ထက် ကျဉ်းမြောင်းလာအောင် နိုင်ငံတော်မှလည်း ဥပဒေများပြဋ္ဌာန်းပြီး အရှိန်အဟုန်နှင့် ဆောင်ရွက်နေသည့် အချိန်အခါဖြစ်ပါတယ်။ ဒါပေမဲ့ ကျေးလက်နေတောင်သူများကို ကူညီပေးရမယ့်အစား ဆင်းရဲတွင်းထဲသို့ တွန်းပို့နေသလို ဖြစ်နေပါတယ်။

သို့ဖြစ်ပါ၍ ကျွန်တော် မေးမြန်းလိုတာက မြေယာလျော်ကြေး တစ်စုံတစ်ရာမပေးဘဲ VANTAGE CO.,ltd သို့ ပုစွန်ကန်များ အပြီးအပိုင် လွှဲပြောင်းရောင်းချခဲ့သည့် ငါးလုပ်ငန်းဦးစီးဌာန၏ လုပ်ဆောင်မှုများသည် (၁) ဥပဒေနှင့်ညီညွတ်မှု ရှိ/မရှိ၊ မရှိပါက မည်သို့အရေးယူဆောင်ရွက်မည်ကို သိရှိလိုပါကြောင်း၊ (၂) ရောင်းချ၍ ရရှိသည့် ငွေကျပ်သိန်း (၃၉၀၀)ကျော်အား နိုင်ငံ၏ ဘဏ္ဍာငွေ အဖြစ် ပြန်လည်အပ်နှံခြင်း ရှိ/မရှိ၊ (၃) မြေယာလျော်ကြေး ပြန်လည်ပေးအပ်ရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါ၍ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာ တောင်သူများကိုယ်စား မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)တွင် လိုအပ်လျက်ရှိသော သင်တန်းသား အိပ်ဆောင်(၁)ဆောင်နှင့် ထမင်းစားဆောင်(၁)ဆောင်တို့အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၂၆။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ်ရှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၂၆။**

**ဒေါက်တာဇော်လင်းထွဋ်ရှ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်တစ်ရပ်လုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က မွန်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ်ရှ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသောမေးခွန်းမှာ မွန်ပြည်နယ် ငါးလုပ်ငန်း သင်တန်းကျောင်း(သထုံ)တွင် လိုအပ်လျက်ရှိသော(၇၀ x ၁၀၀)ပေ သင်တန်းသား အိပ်ဆောင် (၁)ဆောင်နှင့် ထမင်းစားဆောင် (၁)ဆောင်တို့အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)သည် သထုံ-မုတ္တမ ကားလမ်းဘေး သထုံမြို့မှ (၃)မိုင်အကွာတွင် တည်ရှိပါတယ်။ မွန်ပြည်နယ်၊ ငါးလုပ်ငန်း(သထုံ) စခန်းဧရိယာ (၁၉.၉၂)ဧကရှိ လယ်မြေအား လ/န အက်ဥပဒေ ပုဒ်မ ၃၉ အရ မွန်ပြည်နယ် ငါးလုပ်ငန်းစခန်းမြေအဖြစ် သတ်မှတ်ခွင့်ပြုပါရန် မြေပုံကူးခွင့်အား ၂၁-၇-၂၀၁၁ ရက်နေ့မှစ၍ လျှောက်ထားခဲ့ရာ ၁၄-၁၁-၂၀၁၄ ရက်နေ့တွင် (၁၁.၀၁)ဧကကိုသာ အခြားနည်းလမ်းဖြင့် အသုံးပြုရန် ခွင့်ပြုမိန့် (ပုံစံ-၁၅) ရရှိခဲ့ပြီးဖြစ်ပါတယ်။ ကျန်ရှိသော လယ်မြေဧရိယာ (၈.၉၁)ဧကအား အခြားနည်းလမ်းအဖြစ် အသုံးပြုရန်အတွက် ထပ်မံလျှောက်ထားဆဲ ဖြစ်ပါတယ်။ ထိုစခန်းတွင် မွေးမြူထားသော ငါးအမျိုးအစားများမှာ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး၊ တီလားဖီးယား၊ ငါးဒန်၊

ငါးကြင်းဖြူ၊ ရေချိုငါးမုတ်၊ တောင်ပေါ်ငါးသလောက် အစရှိသဖြင့် ငါးမျိုးစုံ မွေးမြူထားပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ဒါက ကျွန်တော်တို့ မွန်ပြည်နယ် (သထုံ)မှာရှိသည့် ငါးလုပ်ငန်းသင်တန်းကျောင်းဖြစ်ပြီး သင်တန်းသားများအား စာတွေ့၊ လက်တွေ့ သင်ကြားနေပုံဖြစ်ပါတယ်။ သင်တန်းသားများကိုယ်တိုင် လက်တွေ့စမ်းသပ်နေပုံဖြစ်ပါတယ်။ ဒါက သထုံမြို့မှာ ဖွင့်လှစ်ပြီးသည့် သင်တန်းအမျိုးအစားများဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုပါသင်တန်းကျောင်းအား ၂၀၀၈ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ သင်တန်း (၁၃)ကြိမ်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား၊ သင်တန်းသူ (၄၂၁)ဦးမွေးထုတ်ခဲ့ပြီး ဖြစ်ပါတယ်။ ၎င်းသင်တန်းကျောင်းတွင် မြန်မာတစ်နိုင်ငံလုံးမှ စိတ်ဝင်စားသည့် မည်သူမဆို တက်ရောက်သင်ကြားနိုင်ကြောင်း သိရှိရပါတယ်။ အဆိုပါသင်တန်းကျောင်းတွင် ဆွစ်ဇာလန် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့မှ ထောက်ပံ့သည့်ရန်ပုံငွေများဖြင့် တည်ဆောက်ထားသော (၂)ထပ်ဆောင်(၁)ဆောင်သာရှိပြီး၊ သင်တန်းဖွင့်လှစ်သည့်အခါ ထိုအဆောက်အအုံတွင် သင်ကြားရေးနှင့် သင်တန်းသားများ တည်းခိုရန် ပူးတွဲအသုံးပြုရကြောင်း တွေ့ရှိရပါတယ်။ အဆောက်အအုံများ ပြည့်စုံလုံလောက်ပါက အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်လုပ်ငန်းများ၊ ငါး၊ ပုစွန်၊ ရေထွက်ပစ္စည်း ပြုပြင်ထုတ်လုပ်ခြင်းများ၊ ရေသယံဇာတကာကွယ်ထိန်းသိမ်းခြင်း အသိပညာပေးလုပ်ငန်းများကို ရက်ရှည်သင်ကြားပြသပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ) မြင်ကွင်းပုံ (ခ)



သင်တန်းသားများ စာသင်ကြားနေသည့် မြင်ကွင်းပုံ (ခ-၁)



သင်တန်းသားများအား လက်တွေ့သင်ကြားပေးနေသည့် မြင်ကွင်းပုံ (ခ-၂)



**မြန်မာနိုင်ငံ၌ ယခင်က “ဝါ” အကြီးအကျယ်စိုက်ပျိုးထွက်ရှိခဲ့သော ဒေသများတွင် ဝါခင်းများ ပြန်လည် စိုက်ပျိုးထုတ်လုပ်စေပြီး အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ အစဉ်တစိုက်အသုံးပြု ဆောင်ရွက်နိုင်ရန် အမျိုးသားရေးမူဝါဒအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁ဝ:၂၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁ဝ:၂၉။**

**ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စု

ဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်ဝကြပါစေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော့်အနေနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါ မေးခွန်းကို မေးမြန်းသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၌ ယခင်က ဝါအကြီးအကျယ် စိုက်ပျိုးထွက်ရှိခဲ့ သော ဒေသများတွင် ပြောင်းလဲနေသော စီးပွားရေးဖြစ်စဉ်အရ ယခုအချိန်၌ ဝါသီးနှံစိုက်ပျိုး ထုတ်လုပ်ခြင်း လုံးဝမရှိတော့ဘဲ မြန်မာ့ဝါမှရက်လုပ်သော အဝတ်အထည်များ ပပျောက်လုနီးဖြစ် နေသည့် ယခုကာလ၌ အစီအစဉ်ချမှတ်လျက် ဝါခင်းများ ပြန်လည် စိုက်ပျိုးထုတ်လုပ်စေပြီး မြန်မာ့ဝါမှ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသား (၁၃၅)မျိုးတို့၏ ယဉ်ကျေးမှုထုံးစံတို့အရ ချုပ်လုပ်ဝတ်ဆင်နိုင်မည့် အဝတ်အထည်၊ အသုံးအဆောင် စသည့်ပစ္စည်းများ အစဉ်တစိုက် အသုံးပြု ဆောင်ရွက်နိုင်ရန် အမျိုးသားရေးမူဝါဒအဖြစ် သတ်မှတ်လုပ်ဆောင်ရန် လိုအပ်နေပါသဖြင့် စီစဉ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံသည် ရှေးဘိုးဘေးဘီဘင်လက်ထက် ကတည်းက လယ်ယာလုပ်ငန်းနှင့် အသက်မွေးကြသည့် တောင်သူလယ်သမား အများဆုံးနိုင်ငံ ဖြစ်ပါတယ်။ နိုင်ငံ့လူဦးရေ၏ (၇၀)ရာခိုင်နှုန်းဟာ ကျေးလက်နေပြည်သူများ ဖြစ်ကြပါတယ်။ မြန်မာနိုင်ငံမှာကျင့်သုံးသည့် နိုင်ငံရေးစနစ်တိုင်းမှာ အဆိုပါ လယ်သမားအများစုသည် စနစ်တစ်ခု၏ လူတန်းစားတစ်ရပ်အနေနဲ့ ပါဝင်ခဲ့ကြပါတယ်။ မြေပြန့်မှာနေထိုင်ကြတဲ့ လယ်သမားများဟာ မြေပြန့် လယ်ယာမြေများကို လုပ်ကိုင်ရင်းနှင့် တောင်ပေါ်မှာနေထိုင်ကြတဲ့ တိုင်းရင်းသားများဟာ လည်း တောင်ယာခုတ်ထွင်ပြီး လယ်ယာလုပ်ကိုင်ကြရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံ၌ ဝါစိုက်ပျိုးခြင်းလုပ်ငန်းကို ယခင်က တစ်နိုင်ငံလုံး အကြီးအကျယ် စိုက်ပျိုးလုပ်ကိုင်ကြပါတယ်။ ဝါထွက်ရာ ဒေသအသီးသီးတို့မှာ ဝါဒိုင်ကြီး များဖွင့်လှစ်ပြီး နိုင်ငံတော်မှ ဦးဆောင်ဝယ်ယူခဲ့ကြပါတယ်။ ကျွန်တော့် မဲဆန္ဒနယ်မြေဖြစ်သည့် မုံရွာမြို့မှာ (၁၀)ကေကျယ်ဝန်းသည့် ဝါကြိတ်စက်ရုံကြီးတည်ရှိပြီး အဲဒီမှာအကြီးအကျယ် ဝါများ ဝယ်ယူခြင်းဖြင့် စီးပွားဖြစ်ထွန်းခဲ့ကြပါတယ်။ ဒါ့အပြင် ဝါလုပ်ငန်းကို အဓိကထားပြီး မုံရွာမြို့နှင့် တစ်ခရိုင်လုံးမှာလည်း ရက်ကန်းစင်များ၊ ချည်ထည်လုပ်ငန်းများလုပ်ကိုင်ပြီး ရှေးနှစ်ပေါင်းများစွာ ကတည်းက စီးပွားဖြစ်ထွန်းခဲ့ကြပါတယ်။ မုံရွာမြို့နှင့် (၃၆)မိုင်ဝေးသည့် မြင်းမူမြို့မှာဆိုလို့ရှိရင် လည်း ကြီးမားကျယ်ပြန့်သည့် ဝါစိုက်ခင်းကြီးဟာ ယနေ့အချိန်အထိ တည်ရှိနေဆဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လိုရင်းတင်ပြရရင် တစ်ချိန်တုန်းက မြန်မာနိုင်ငံဟာ ဝါစိုက်ပျိုးတောင်သူများ များပြားပြီး ဝါလုပ်ငန်း အကြီးအကျယ် ဖြစ်ထွန်းလုပ်ကိုင်ခဲ့ကြပါတယ်။ ယနေ့အခြေအနေမှာ အဆိုပါ ဝါလုပ်ငန်းနှင့်ပတ်သက်ပြီး ဝါစိုက်တောင်သူများ တစ်နိုင်ငံလုံး မရှိသလောက် နည်းပါးသွားပြီး နိုင်ငံခြားမှ ဝင်ရောက်လာကြသည့် အဝတ်အထည်များနဲ့ နှိုင်းဆ

လျှင် မြန်မာ့ချည်မှ ရက်လုပ်သည့်အဝတ်အထည်များဟာ မယှဉ်နိုင်အောင်ဖြစ်နေ၍ ဝါစိုက်တောင်သူများ မစိုက်ပျိုးကြတော့ဘဲ ရှိသည့်လုပ်ငန်းများ တဖြည်းဖြည်း ရပ်ဆိုင်းသွားခြင်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံဟာ လယ်သမားမျိုးရိုးနိုင်ငံဖြစ်ပါတယ်။ ဝါလုပ်ငန်းလုပ်ကိုင်နိုင်တဲ့ လယ်ယာမြေနေရာများလည်း အကျယ်အပြန့်ရှိကြပါတယ်။ မြန်မာ့ဝါမှ ထုတ်လုပ်တဲ့ မြန်မာ့ချည်မျှင်တို၊ ချည်မျှင်ရှည်ဝါရက်လုပ်ကြတဲ့ မြန်မာ့ချည်ထည်လုပ်ငန်းများဟာ နည်းပညာအရ မနှိုင်းယှဉ်နိုင်ပေမယ့် မြန်မာ့နည်း၊ မြန်မာ့ဟန်နှင့် မြန်မာ့ဝါလုပ်ငန်း၊ မြန်မာ့ချည်ထည်လုပ်ငန်းများကို ပြန်လည်စတင်ရန် သင့်လျော်ပြီး၊ လုပ်ကိုင်ရင်းနှင့် နည်းပညာများ ပေါင်းစပ်ရှာဖွေနိုင်ပါပြီ။ ဝါစိုက်တောင်သူများ တစ်နိုင်ငံလုံး ဝါစိုက်ပျိုးနိုင်ရေးအတွက် အစိုးရမှ ဦးဆောင်ပြီး ဆောင်ရွက်သင့်သလို၊ ရရှိလာသည့်ဝါများကိုလည်း ရရှိတဲ့တောင်သူများ အမြတ်ရရှိရေး အတွက် နှုန်းထားများ သတ်မှတ်ပေးဖို့ လိုအပ်ပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဝါမှ ရရှိသည့် ချည်ထည်များကို မြန်မာနိုင်ငံမှာ ရှေးဘိုးဘွား လက်ထက်ကတည်းက အတူနေထိုင်လာကြသည့် တိုင်းရင်းသား (၁၃၅)မျိုး ကျင့်သုံးနေကြသည့် ဓလေ့စရိုက် ယဉ်ကျေးမှုထုံးစံတို့အရ ဝတ်စုံအမျိုးမျိုး၊ အသုံးအဆောင်အမျိုးမျိုးတို့ကို ချုပ်လုပ်ဝတ်ဆင်ခြင်းအားဖြင့် အမျိုးသားရေးမူဝါဒတစ်ရပ်အနေနဲ့ သတ်မှတ်ပေးဖို့ လိုအပ်နေပါတယ်။ ယနေ့ဆိုရင် အဲဒီချည်ထည်များကို အိန္ဒိယနိုင်ငံမှ အများဆုံးဝယ်နေကြရပါတယ်။ တိမ်မြုပ်ပျောက်ကွယ်လုဖြစ်နေတဲ့ ဝါစိုက်တောင်သူများကို နိုင်ငံတော်အစိုးရမှ ဦးဆောင်ပြီး မျိုးကောင်းမျိုးသန့်များ ရှာဖွေပေးခြင်း၊ စိုက်ပျိုးသည့်နည်းပညာသစ်များ သင်ကြားပေးခြင်း၊ လိုအပ်သည့်ရင်းနှီးငွေများကို ဝါစိုက်တောင်သူများအား တိုက်ရိုက်ချေးငှားပေးခြင်း စတဲ့ ဝါစိုက်တောင်သူများ ဝါစိုက်ချင်လာအောင် စည်းရုံးဟောပြောပြီး အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဆောင်ရွက်သင့်ပါတယ်။

အဲဒါကြောင့် နိုင်ငံတော်မှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် စုစုပေါင်းလူမျိုး (၁၃၅)မျိုးပါဝင်တဲ့ မြန်မာ့မြေ၊ မြန်မာ့ရေနှင့် မြန်မာ့စရိုက်တို့အရ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသည့် တောင်သူများ နိုင်ငံသားအချင်းချင်းလက်တွဲပြီး ဝါနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းတစ်ရပ် မဖြစ်မနေထူထောင်ခြင်းဟာ နိုင်ငံနှင့်လူမျိုးတို့အတွက် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်အနေဖြင့် ခံယူသည့်အတွက် ဒီမေးခွန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၃၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၃၄။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး(၃)ဦးရဲ့ မေးခွန်းများနှင့်စပ်လျဉ်းပြီး တစ်ခုချင်းစီကို ပြန်လည်ဖြေကြားပေးပါမယ်။ မေးခွန်းရဲ့ အတိမ်အနက်ပေါ်မူတည်ပြီး အချိန်အနည်းငယ်ရယူ ဖြေကြားခွင့်ပြုပါရန် ဦးစွာတင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဦးစွာ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင်ဝေ ၏ မေးခွန်းနှင့် စပ်လျဉ်းပြီး တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပါမယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ ကျောက်ဖျာကျေးရွာအုပ်စုအတွင်း VANTAGE CO.,ltd မှ ပုစွန်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ဖို့အတွက် ၁၅-၂-၂၀၀၄ ရက်နေ့မှာ မြိတ်ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအနေဖြင့် လယ်ယာမြေပိုင်ရှင်များနှင့် ညှိနှိုင်းအစည်းအဝေး ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါ ညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်အရ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ သိမ်းယူခွင့်ပြုပေးခဲ့တဲ့ မြေဧရိယာ (၂၇၃.၈၄)ဧက ဖြစ်ပါတယ်။ အဆိုပါ မြေအတွင်းမှာ ယခင် တောင်သူ(၁၉)ဦးက လယ်မြေဧရိယာ (၁၇၀.၅၇)ဧက၊ တောင်သူ(၁၉)ဦး ခနီမြေဧရိယာ (၁၀၁.၁၈)ဧက၊ တောင်သူ(၂)ဦး ဥယျာဉ်မြေဧရိယာ(၂.၀၉)ဧက စုစုပေါင်း တောင်သူ(၄၀)ဦးရဲ့ မြေဧရိယာ (၂၇၃.၈၄)ဧကဖြစ်ပါတယ်။

အဆိုပါ တောင်သူများကို စိုက်ပျိုးစရိတ်နစ်နာကြေးအဖြစ် တစ်ဧကလျှင် ငွေကျပ် (၃၀၀၀၀)နှုန်းနဲ့ ပေးချေခဲ့တယ်ဆိုတာ သိရပါတယ်။ ဒါ့အပြင် မြေအစားထိုးချထားပေးနိုင်ရေးအတွက် မြေဖော်ထုတ်ဖို့ ငွေကျပ်သိန်း(၁၀၀)ကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနမှ မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကို ပေးချေခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ VANTAGE CO.,ltd အနေဖြင့် အဆိုပါ မြေများအပေါ်တွင် ငါးကန်၊ ပုစွန်ကန်များအား ၂၀၀၇ ခုနှစ်မတိုင်မီအထိ (၆၀)ရာခိုင်နှုန်းခန့် လုပ်ငန်းများဆောင်ရွက်ခဲ့တာ သိရှိရပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ VANTAGE CO.,ltd သို့ ငွေကျပ်သိန်းပေါင်း(၃၉၁၂.၆၀၃)ဖြင့် ရောင်းချခဲ့ပြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ လှည့်ပတ်ရန်ပုံငွေစာရင်း၊ ငွေစာရင်းအမှတ် RF-000727 မှ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ သား/ငါး ဖွံ့ဖြိုးတိုးတက်ရေး လှည့်ပတ်ရန်ပုံငွေ၊ ငွေစာရင်းကို ၁၁-၇-၂၀၀၇ ရက်နေ့မှာ နိုင်ငံတော်ဘဏ္ဍာငွေသို့ ပေးသွင်းခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီမြေဧရိယာများဟာဆိုရင် ထိုစဉ်က တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂-၄-၂၀၁၀ ပြည့်နှစ် ရက်စွဲပါစာအမှတ်၊ ၁၇၄၀/၅၄၃/ ၅-၄၃/ တယက(တနင်္သာရီ)ဖြင့် ၁၉၅၃ ခုနှစ် လယ်ယာမြေ နိုင်ငံပိုင်ပြုလုပ်ရေး အက်ဥပဒေ ၃၉ အရ အဆောက်အအုံမြေအဖြစ် အသုံးပြုရန် မြိတ်မြို့သစ်မြေနေရာချထားရေး ကော်မတီသို့ လွှဲပြောင်းပေးခဲ့သည့် မြေဧရိယာ(၄၀၇၂.၆၆)ဧကအတွင်း ပါဝင်သွားကြောင်း သိရှိရပါတယ်။ VANTAGE CO.,ltd အနေနဲ့ မြေများမှာ မြို့သစ်စီမံကိန်းအတွင်း ပါသွားသော်လည်း ၎င်းကုမ္ပဏီက အကောင်အထည် ဖော်ဆောင်ရွက်နေတဲ့ မွေးမြူရေးစီမံကိန်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်နေကြောင်း စိစစ်သိရှိရပြီး ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေ ပေါ်ပေါက်ပြီးနောက် မွေးမြူရေးကန်များကို ဥပဒေနှင့်အညီ ဖြစ်စေရေး၊ လယ်ယာမြေကို အခြားနည်းသုံးစွဲခွင့်ရရှိရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါတယ်။

သို့ဖြစ်တဲ့အတွက် ကိုယ်စားလှယ်တော်ကြီး၏မေးခွန်းပါ ပထမအချက်ဖြစ်သည့် ဥပဒေနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး မြေသိမ်းဆည်းစဉ်ကာလက မြိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး၊ သီးနှံလျော်ကြေးကိုလည်း (၁)ကေလျှင် ငွေကျပ်(၃၀၀၀၀)နှုန်းဖြင့် လျော်ကြေးပေးချေခဲ့ကြောင်း သိရှိရပါတယ်။ မြေယာအစားထိုးဖော်ထုတ်ဖို့အတွက် ငွေကျပ်သိန်း(၁၀၀)ကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ငါးလုပ်ငန်းဦးစီးဌာနမှ ပေးချေခဲ့ကြောင်းနှင့် မြေယာအစားထိုး ဖော်ထုတ်ပေးမှု အခြေအနေကို တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆက်လက် စိစစ်ဆောင်ရွက်သွားရန် ရှိမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဒုတိယအချက်နှင့် စပ်လျဉ်းပြီး ရောင်းချရရှိခဲ့တဲ့ငွေကျပ်သိန်း (၃၉၁၂.၆၀၃)ကို မျဉ်းသား ချက်လက်မှတ်ဖြင့် သား၊ ငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး လှည့်ပတ်ရန်ပုံငွေသို့ ထိုစဉ်ကတည်းက ပေးသွင်းခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။ တတိယအချက်ဖြစ်သည့် မြေယာလျော်ကြေးနှင့် စပ်လျဉ်းပြီး သီးနှံလျော်ကြေးရဲ့ မြေအစားထိုးဖော်ထုတ်ရန် ကုန်ကျငွေများကို ပေးအပ်ခဲ့ပြီးဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ မွန်ပြည်နယ် ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)တွင် လိုအပ်လျက်ရှိသော သင်တန်းသားအိပ်ဆောင် (၁)ဆောင်နှင့် ထမင်းစားဆောင်(၁)ဆောင်တို့အား လာမည့်ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းအပေါ် ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ငါးလုပ်ငန်းသင်တန်းကျောင်း(သထုံ)ကို ၉-၇-၂၀၁၈ ရက်နေ့မှာ စတင်ဖွင့်လှစ်ခဲ့ပါတယ်။ သင်တန်းသား အိပ်ဆောင်နှင့် စာသင်ဆောင်ပါဝင်သည့် အလျား (၅၆.၆)ပေ၊ အနံ (၃၆)ပေရှိတဲ့ (၂)ထပ်အဆောက်အအုံ (၁)လုံးကို Gulf of Mottama စီမံကိန်းမှ ၎င်းစီမံကိန်း၏ ရန်ပုံငွေကျပ် (၁၁၄၀)သိန်းဖြင့် ဆောက်လုပ်လှူဒါန်းပေးခဲ့ပါတယ်။ မွန်ပြည်နယ်အတွင်း ငါးလုပ်ငန်းကဏ္ဍများ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့တဲ့ သထုံငါးလုပ်ငန်းသင်တန်းကျောင်းမှာ အသိပညာပေးသင်တန်းများကို တစ်လလျှင် အနည်းဆုံး (၁)ကြိမ် ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ သင်တန်း (၁)ကြိမ်မှာ သင်တန်းသား (၃၀)ဦးခန့်ဖြင့် သင်တန်းကာလ (၃)ရက်ခန့်သာကြာမြင့်သည့် သင်တန်းအမျိုးအစားကိုသာ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းသားများရဲ့ အိပ်ဆောင်အဖြစ် ဆောက်လုပ်လှူဒါန်းထားသည့် အဆောက်အအုံအပေါ်ထပ်နေရာနှင့် ငါးလုပ်ငန်းစခန်းအတွင်း အခြားလူနေအဆောက်အအုံ (၂)လုံးတို့မှာ သင်တန်းသားများကို နေရာချထားပေးပြီး သင်တန်းဖွင့်လှစ်ဆောင်ရွက်လျက် သင်တန်းသား ထမင်းစားဆောင်အဖြစ် ငါးလုပ်ငန်းစခန်းရဲ့ ရုံးအဆောက်အအုံကို အသုံးပြုဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအခြေအနေမှာ ဖွင့်လှစ်သည့် သင်တန်းများအနေနဲ့ ရက်တိုသင်တန်းများဖြစ်ပြီး၊ သင်တန်းသားဦးရေအရလည်း သီးခြားသင်တန်းသားအိပ်ဆောင်နှင့် ထမင်းစားဆောင်များ ထပ်မံဆောက်လုပ်ဖို့ မလိုအပ်သေးတဲ့အခြေအနေဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လက်ရှိသင်တန်းပို့ချပေးလျက်ရှိသည့် အခြေအနေများအရ မွန်ပြည်နယ်၊ ငါးလုပ်ငန်းသင်တန်းကျောင်း (သထုံ)မှာ သင်တန်းသားအိပ်ဆောင်၊ ထမင်းစားဆောင်တွေကို သီးခြားဆောက်လုပ်ပေးရန် အစီအစဉ်မရှိသေးတဲ့ အခြေအနေဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှဦး ၏ မြန်မာနိုင်ငံ၌ ဝါ ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအပေါ် ဦးတည်မေးမြန်းထားသည့် မြန်မာနိုင်ငံ၌ ယခင်က ဝါ အကြီးအကျယ်စိုက်ပျိုးထွက်ရှိခဲ့သော ဒေသများတွင် ဝါခင်းများ ပြန်လည်စိုက်ပျိုး ထုတ်လုပ်စေပြီး အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများ အစဉ်တစိုက် အသုံးပြုဆောင်ရွက်နိုင်ရန် အမျိုးသားရေးမူဝါဒအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်းကို ဆက်လက်ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနှင့် နိုင်ငံတော်၏ စီးပွားရေးမူဝါဒ (၁၂)ချက်အနက်မှ ဆဋ္ဌမအချက်ဖြစ်တဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး၊ စားနပ်ရိက္ခာဖူလုံရေးနဲ့ ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှု

ကဏ္ဍများ ဘက်ညီစွာ တိုးတက်လာစေဖို့နဲ့ လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီမျှတဲ့ စီးပွားရေးပုံစံဖော်ထုတ်ဖို့ဆိုတဲ့အချက်နှင့်အညီ မူဝါဒ၊ မဟာဗျူဟာများ ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်အထိ ရေးဆွဲထားတဲ့ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း Myanmar Sustainable Development Plan–MSDP ရဲ့ မဟာဗျူဟာနဲ့အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ အဆိုပါ MSDP မှာ လယ်ယာကဏ္ဍ၊ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှု အစီအစဉ် ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်မှ ၂၀၂၂–၂၀၂၃ ဘဏ္ဍာရေးနှစ်အထိ ရေးဆွဲထုတ်ပြန် ဆောင်ရွက်မှုရှိပါတယ်။ အစီအစဉ်များ အကောင်အထည်ဖော်ရာမှာ အစိုးရ၊ တောင်သူလယ်သမားနှင့် ပုဂ္ဂလိကစိုက်ပျိုးစီးပွားရေးလုပ်ငန်းရှင်များအကြား ရေရှည်ပူးပေါင်းဆောင်ရွက်မှု အခြေခံအုတ်မြစ်ကို တည်ဆောက်ပြီး၊ ယင်းအပေါ် ကောင်းမွန်သော စီမံအုပ်ချုပ်မှု၊ ကုန်ထုတ်စွမ်းအားနဲ့ ယှဉ်ပြိုင်နိုင်စွမ်းရှိမှုဆိုတဲ့ မဏ္ဍိုင်(၃)ရပ်အပေါ်မှာ အခြေခံဆောင်ရွက်ထားဖို့ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြု ရှင်းလင်းတင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ မိမိတို့ ဝန်ကြီးဌာနအနေနဲ့ မြန်မာနိုင်ငံ ဝါ သီးနှံဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ (Myanmar Cotton Development Strategy)ကို ရေးဆွဲ ဆောင်ရွက်လျက်ရှိရာမှာ လာမယ့် ၂၀၃၀–၂၀၃၁ ခုနှစ်မှာ “ဝါ”မက်ထရစ်တန်ချိန်(၇)သိန်း အခြေခံထားထုတ်လုပ်ခြင်းမှ ဖြစ်ပေါ်လာမည့် လူဦးရေသန်း(၆၀)အတွက် စားရေး၊ ဝတ်ရေး၊ နေရေးအခြေခံများအနက်မှ ဝတ်ရေးဆိုတဲ့အခြေခံ ဖူလုံစေရေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မဟာဗျူဟာမှာ “ဝါ” အကြီးအကျယ် စိုက်ပျိုးထွက်ရှိခဲ့တဲ့ ဒေသများမှာ စိုက်ဧရိယာတိုးတက်မြင့်မားရေး ဆောင်ရွက်မည့်လုပ်ငန်းများ၊ “ဝါ”သီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ၊ “ဝါ”သီးနှံ မျိုးသန့်ခြံများမှ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းများကို ထည့်သွင်းရေးဆွဲထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။

ပြောင်းလဲလာတဲ့ ရာသီဥတုနှင့် လိုက်လျောညီထွေဖြစ်ပြီး ရေမြေဒေသနှင့် ကိုက်ညီတဲ့ တောင်သူလယ်သမားများ စီးပွားရေးတွက်ခြေကိုက်သော “ဝါ”သီးနှံမျိုးကောင်းမျိုးသန့်၊ မျိုးစေ့များ စဉ်ဆက်မပြတ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး၊ သီးနှံအရည်အသွေးနှင့် အထွက်တိုးပညာများကို စဉ်ဆက်မပြတ် သုတေသနပြုပြီး စိုက်ပျိုးထုတ်လုပ်သူ တောင်သူများအကြား ပျံ့နှံ့စိမ့်ဝင်စေရေးတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လက်ရှိအနေအထားမှာ ၂၀၁၈–၂၀၁၉ ခုနှစ် စာရင်းများအရ “ဝါ”စိုက်ဧရိယာ ဧကဟာ တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့်(၄၇၀၀၀၀)ကျော်ရှိပါတယ်။ အဓိကဒေသများဖြစ်တဲ့ မကွေးတိုင်းဒေသကြီးမှာ စိုက်ဧရိယာ ဧက(၂၀၀၀၀၀)နီးပါးခန့်၊ မန္တလေးတိုင်းဒေသကြီး

မှာ(၁၈၀၀၀၀)ကျော်၊ စစ်ကိုင်းတိုင်းဒေသကြီးမှာ ဧက(၈၀၀၀၀)ခန့် စိုက်ပျိုးမှုရှိပါတယ်။ ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် နေပြည်တော်ကောင်စီ ဧရိယာတို့မှာလည်း စိုက်ပျိုးမှုရှိပါတယ်။ "ဝါ"အများဆုံး စိုက်ပျိုးထွက်ရှိခဲ့တဲ့ ဒေသများမှာ "ဝါ"စိုက်တောင်သူများ၊ ဝါဂွမ်း/ချည်မျှင် ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ ရက်ကန်းလုပ်ငန်းရှင်များ၊ ချည်ဆေးဆိုးလုပ်ငန်းရှင်များ၊ တင်ပို့/တင်သွင်းသူ လုပ်ငန်းရှင်များပါဝင်တဲ့ အစုအဖွဲ့များ ဖွဲ့စည်းခြင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှု Supply Chain တစ်ခုလုံး ကွင်းဆက်တစ်လျှောက် အောင်မြင်ဖြစ်ထွန်းနိုင်ဖို့အတွက် မိမိတို့ဝန်ကြီးဌာနအနေနဲ့ ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

အဆိုပါ Supply Chain တစ်လျှောက် ကြုံတွေ့နေရသည့် အခက်အခဲများကိုလည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆက်စပ်ဌာနများ၊ အသင်းအဖွဲ့များ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်နိုင်မှု အားကောင်းလာအောင် ဖန်တီးနိုင်မှုစွမ်းအား မြှင့်တင်လာတာနဲ့အမျှ မျှော်မှန်းထားတဲ့ အချိန်ကာလတစ်ခုမှာ မြန်မာ့ဝါသီးနှံကဏ္ဍ Cotton Industry တစ်ရပ်လုံး ဖွံ့ဖြိုးတိုးတက်လာသည့်အတွက် အမျိုးသားရေးမူဝါဒ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ် ပြန်လည်ရှင်းလင်း ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်ပါ။

**ဦးတင်ဝေ၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ မေးခွန်းဖြေကြားပေးသည့်ဝန်ကြီးကိုလည်း အထူးကျေးဇူးတင်ပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ မြေယာအစားထိုးနှင့် ပတ်သက်ပြီး သိပ်မရှင်းလို့ပါ။ အဓိကမေးချင်တာက ကျွန်တော်တို့ တောင်သူတွေဟာ လျော်ကြေးလည်း မရရှိတဲ့အတွက် အစည်းအဝေးဆုံးဖြတ်ချက်ပါ မြေယာအစားထိုး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး၏ မရှင်းလင်းတဲ့အချက်နှင့် စပ်လျဉ်းပြီး ပြန်လည်ရှင်းလင်းဖြေကြားပေးပါမယ်။ အဓိက မြေဧရိယာ (၄၂၀၀)ကေနှင့် ပတ်သက်ပြီး ဆုံးရှုံးနစ်နာသွားခဲ့တဲ့ တောင်သူတွေရဲ့ တင်ပြတိုင်ကြားမှုတွေရှိပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအဖွဲ့နှင့် တင်ပြတိုင်ကြားသူတွေကို ဦးစွာရှင်းလင်းပြောကြားမှုလည်းရှိပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ပေးချေရမယ့် စိုက်ပျိုးစရိတ်ချေးငွေတွေ၊ လယ်ယာမြေပြန်လည်ဖော်ထုတ်ရာမှာ ကုန်ကျမယ့်ကုန်ကျစရိတ်ကိုလည်း သက်ဆိုင်သူများထံ ပေးအပ်ထားပြီးဖြစ်သော်လည်း၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသူများ ပြန်လည်စိစစ်ရေးဗဟိုကော်မတီမှ ချမှတ်ထားတဲ့ မူဝါဒလုပ်ငန်းစဉ် (၅၂)ချက်အနက် နိုင်ငံတော်မှ သိမ်းဆည်းသည့် လယ်ယာမြေနှင့် အခြားမြေများကို မူလပိုင်ရှင်တွေက ပြန်လည်လျှောက်ထား

လာတဲ့အခါမှာ မူဝါဒ(၁၀)ရပ်မှာပါသည့် အမှတ်စဉ်(၇)မှာ လျော်ကြေးပေးသည့်ကိစ္စရပ်တွေမှာ လျော်ကြေးနည်းပါးသည့်အတွက် ထပ်မံတောင်းဆိုလာတဲ့ ကိစ္စရပ်တွေလည်း ရှိပါတယ်။

ယင်းနှင့်စပ်လျဉ်းပြီး ယခင်ကနှုန်းထားနှင့် ပေးချေမှုဖြစ်သည့်အတွက် အဆိုပါ ဆုံးဖြတ်ချက်အတိုင်းသာ အတည်ပြုဖို့၊ လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရသူများ ပြန်လည်စိစစ်ရေး ဗဟိုကော်မတီအဖွဲ့မှ လျော်ကြေး/နစ်နာကြေးပေးအပ်ခဲ့သော်လည်း ရယူခြင်း မရှိသူတွေအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော် ကောင်စီတို့မှ စီစဉ်သည့် ပြန်လည်တွက်ချက်ခြင်း သို့တည်းမဟုတ် ကာလပေါက်ဈေးနှင့်အညီ လျော်ကြေး/နစ်နာကြေးပေးခြင်းဆိုပြီး လမ်းညွှန်ချက်များ ပြဋ္ဌာန်းထားတာရှိပါတယ်။ ယင်းနှင့် စပ်လျဉ်းပြီး လျော်ကြေး/နစ်နာကြေး ပေးချေထားခြင်းမရှိတာကို စစ်ဆေးတွေ့ရှိရသည့်အလျောက် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းတွေက လျော်ကြေးပေးချေနိုင်ဖို့အတွက်ရှိလာမယ်ဆိုရင် တိုင်းဒေသကြီး အစိုးရအဖွဲ့မှလည်း ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသွားမယ်ဆိုပြီး မိမိတို့ဝန်ကြီးဌာနနှင့် ညှိနှိုင်း ထားမှုရှိပါတယ်။ ဒါကြောင့်မို့လို့ သိမ်းဆည်းမြေများ အစားထိုးချထားဖို့အတွက် မိမိတို့အနေနှင့် တောင်သူတွေနစ်နာတဲ့အခါမှာ အစားထိုးမြေနေရာချထားမှုလုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နဲ့ စိစစ်ဆောင်ရွက်ပေးနိုင်ရန် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ညှိနှိုင်းပေးသွားဖို့ရှိမှာဖြစ်ပါကြောင်း ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးမေးမြန်းတဲ့ မေးခွန်းများဟာ နေပြည်တော်ကောင်စီဝင်တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ နေပြည်တော် ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့ ရေရရှိရေး သီမစ်ချောင်းမှ ရေသွယ်ရေးစီမံကိန်း၏ နောက်ဆုံးအခြေအနေ၊ ဟားခါးမြို့ မြို့မဈေး တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ၂၀၁၅ ခုနှစ် ဟားခါးမြို့ မြေပြိုမှုကြောင့် သဘာဝအလှများနှင့် သစ်တောများ ပျက်စီးသွားသော RUNG တောင် ပြန်လည် ထိန်းသိမ်းသည့်အစီအစဉ်တို့အား သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀:၄၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၄၉။**

**ဦးငွန်ပေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ပေး ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်မေးမြန်းမှာက ချင်းပြည်နယ် ဟားခါးမြို့တော် ပြည်သူများအတွက် ၂၀၁၄ ခုနှစ်မှစ၍ နိုင်ငံတော်အစိုးရမှ ကျပ်သန်းပေါင်းများစွာ အကုန်ကျခံကာ သီမစ်ချောင်းရေပေးဝေရေးစီမံကိန်း စတင်ခဲ့ပါတယ်။ သို့သော် ယခုအချိန်တွင် (၆)နှစ်သာပြည့်တော့မယ် သောက်သုံးရေ မယ်မယ်ရရ ပြည်သူတွေဆီ မရောက်ရှိကြောင်း ကြားသိရပါတယ်။ တာဝန်ရှိသူများ ကြိုးပမ်းအားထုတ်မှုကို လေးစားရပါသော်လည်း ကုမ္ပဏီတွေကြောင့်လား၊ တာဝန်ယူထားသူတွေကြောင့်လား ဆိုတာတွေ မေးခွန်းထုတ်စရာဖြစ်လာပါတယ်။ ထို့ကြောင့် နိုင်ငံတော်က ဘယ်လောက်ပမာဏ ပံ့ပိုးခဲ့သလဲ၊ ချင်းပြည်နယ်အစိုးရအဖွဲ့က ဘယ်ပမာဏ အသုံးပြုခဲ့ပြီလဲ။ ဘယ်တော့များ ပြီးမှာလဲ။ အရေးယူခြင်းများ ရှိပြီလားဆိုတဲ့ မေးခွန်းများသည် ဟားခါးပြည်သူ ပြည်သားများသာမက တစ်နိုင်ငံလုံးက သိသင့်သိထိုက်သည်ဟု ယူဆလို့ ဒီမေးခွန်းကို မေးမြန်းရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒုတိယအနေဖြင့် ဟားခါးမြို့၊ မြို့မဈေးသည်လည်း အထက်ပါအတိုင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် တည်ဆောက်ခဲ့ပါတယ်။ ယခုအခါ ပြီးစီးသွားပြီဖြစ်ပါတယ်။ ဒါပေမဲ့ ဘာကြောင့် တင်ဒါစနစ်ကနေ ဆောက်လုပ်ရေးဝန်ကြီးဌာနလက်ထဲသို့ တည်ဆောက်ရေးလုပ်ငန်းများ ရောက်ခဲ့သလဲ၊ ထိုဈေးတည်ဆောက်ရေးနှင့်ပတ်သက်၍ ယခင်က တာဝန်ယူခဲ့သော ကုမ္ပဏီအားလည်းကောင်း၊ တာဝန်ရှိသော သက်ဆိုင်ရာဝန်ကြီးဌာနနဲ့ သက်ဆိုင်ရာ ဌာနအကြီးအကဲများကို အရေးယူဆောင်ရွက်မှု ရှိ/မရှိကို ပြည်သူများ ချပြသင့်သည်ဟုယူဆလို့ ဒီမေးခွန်းကိုလည်း မေးရခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နောက်ဆုံးအနေဖြင့် ၂၀၁၅ ခုနှစ်တွင် ဟားခါးမြို့၌ သဘာဝဘေး အန္တရာယ်ကြောင့် မြို့၏ အသက်သွေးကြောလည်းဖြစ် သောက်သုံးရေ အရင်းအမြစ်လည်းဖြစ်သော RUNG တောင်ကြီး ပြိုကျခဲ့ပါတယ်။ တာဝန်သိပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းသူ၊ ကျောင်းသားများက ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ကုစားကြသော်လည်း အဆင်မပြေပါ။ ထို့ကြောင့် ချင်းပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပြိုကျပျက်စီးသွားသော RUNG တောင်အား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်း၊ သောက်သုံးရေအရင်းအမြစ် ရရှိရန်အလို့ငှာ မည်ကဲ့သို့ အစီအစဉ်ရှိပါကြောင်း သိရှိလို၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့ကို ဤမေးခွန်းအား မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်။

**ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့တွင် မြို့နယ်ခန်းမ (Community Center) တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀:၅၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀:၅၂။**

**ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပြီး ကောင်းကျိုးလိုရာဆန္ဒများ ပြည့်ဝပါစေကြောင်း ဦးစွာပထမ ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်မေးမယ့်မေးခွန်းက ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့မှာ မြို့နယ်ခန်းမ (Community Center)တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်သည့် မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့ကို လွန်ခဲ့သော နှစ်ပေါင်း (၂၄၄)နှစ် ဥသြညီနောင်မြို့တည်ထောင်ဆိုတဲ့အတိုင်း ၁၁၃၇ ခုနှစ်၊ ခရစ်သက္ကရာဇ် အေဒီ ၁၇၇၆ ခုနှစ်မှာ ရောဝတီမြစ်အရှေ့ဘက်ကမ်းမှာ တည်ထားခဲ့ပါတယ်။ မိုးညိုမြို့မှာ ရပ်ကွက်ပေါင်း(၅) ရပ်ကွက်၊ ကျေးရွာအုပ်စုပေါင်း (၃၇)အုပ်စု၊ ကျေးရွာပေါင်း (၂၀၇)ရွာနဲ့ လူဦးရေပေါင်း (၁၃၆၄၁၀)ရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့မြို့တည်ပြီး (၂၀၄)နှစ်အကြာ ၁၉၈၀ ပြည့်နှစ်၊ မြန်မာသက္ကရာဇ် ၁၃၄၂ ခုနှစ်တွင် ရောဝတီမြစ်ရေတိုက်စားပြီး တစ်မြို့လုံးကမ်းပြိုသည့်အတွက်ကြောင့် ဒုတိယမြို့ကို ပြောင်းရွှေ့လာခဲ့ရပါတယ်။

ဒါပေမယ့်လည်း ရောဝတီမြစ်ရေကမ်းပြိုတိုက်စားမှုဟာ ရပ်တန့်မနေဘဲ ဆက်လက်ပြီး တိုက်စားခဲ့တဲ့အတွက်ကြောင့် ၁၉၈၅ ခုနှစ်၊ မြန်မာသက္ကရာဇ် အောင်စေရတုမြို့သစ်ပြုဆိုသည့်အတိုင်း ၁၃၄၇ ခုနှစ်မှာ အခုလက်ရှိနေသည့် တတိယမြို့ကို ပြောင်းရွှေ့ခဲ့ရပါတယ်။ ယခု တတိယမြို့ဟာ လာမယ့် ၂၀၂၀ ပြည့်နှစ်၊ မေလ ရောက်လို့ရှိရင် သက်တမ်း (၃၅)နှစ်ပြည့်မှာဖြစ်ပါတယ်။ မိုးညိုမြို့ဟာ ပဲခူးတိုင်းဒေသကြီး အနောက်ဘက်ခြမ်းမှာ ဖွံ့ဖြိုးမှုနောက်ကျသည့် မြို့တစ်မြို့ဖြစ်ပြီး မြို့အင်္ဂါရပ်များနှင့် အတော်အသင့်ပြည့်စုံလို့ လာပါပြီ။ သို့သော်လည်း လူအများနှင့် ဆောင်ရွက်သည့် လုပ်ငန်းတွေနဲ့ ပတ်သက်ပြီး မြို့အင်္ဂါရပ်နှင့် ညီညွတ်သည့်ခန်းမတစ်ခု မရှိခဲ့ပါဘူး။ အခြားမြို့နယ်အသီးသီးမှာ မြို့နယ်ခန်းမ၊ မြို့တော်ခန်းမများ ရှိကြပါတယ်။ အဲဒီအတွက် ကျွန်တော်တို့ ၂၅-၈-၂၀၁၈ ခုနှစ်က မိုးညိုမြို့ စည်ပင်သာယာဈေးအနီး ရွှေပြည်သာရပ်ကွက်၊ ဗိုလ်နေဝင်း လမ်းမပေါ်မှာရှိသည့် မြို့နယ်သံဃနာယကပိုင် မြေထဲကနေပြီး အလျား(၂၉၀)ပေ၊ အနံ (၇၇)ပေ၊ ဧက (၀.၅၁၂)ဧကရှိသည့်မြေကို မြို့နယ်သံဃနာယကအဖွဲ့ကမှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ စွန့်လွှတ်

လွှဲပြောင်းပေးခဲ့ပါတယ်။ ဒီမြေတွေကိုလည်း လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှာ ပုံစံ(၁၀၅) (၁၀၆)ကိုလည်း လုပ်ဆောင်ပြီးဖြစ်ပါတယ်။

အဲဒီအတွက် ကျွန်တော်တို့ မိုးညိုမြို့၊ ရွှေပြည်သာရပ်ကွက်မှာရှိသည့် အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄၇)မှာရှိတဲ့ မြို့မြေ (၀.၅၁၂)ဧကပေါ်တွင် ဗဟိုမြို့နယ်ခန်းမအဖြစ် တည်ဆောက်ပေးမယ်ဆိုရင် ခန်းမအပါအဝင် အဆောက်အအုံ (၇)ခုအတွက် ကုန်ကျငွေတွက်ချက်မှု စာရင်း၊ မြေယာပိုင်ဆိုင်မှုအထောက်အထားတွေ နောက်တစ်ခါ အစည်းအဝေးမှတ်တမ်းတွေ၊ လွှတ်တော်ကိုယ်စားလှယ်များရဲ့ ထောက်ခံချက်နှင့်အတူ တွက်ချက်မှု ကုန်ကျစရိတ်တွေကိုလည်း တင်ပြထားပါတယ်။ အဲဒါကြောင့်မို့လို့ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့မှာ မြို့နယ်ခန်းမ (Community Center)တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ရဟန်းရှင်လူပြည်သူများအပေါင်းရဲ့ကိုယ်စား ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀:၅၅။**

**ဥက္ကဋ္ဌ။**　　။ မေးခွန်းများနဲ့ ပတ်သက်ပြီး နေပြည်တော်ကောင်စီဝင်က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀:၅၅။**

**ဦးညီထွန်း(နေပြည်တော်ကောင်စီဝင်)။**　　။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က နေပြည်တော်ကောင်စီမှ ကောင်စီဝင် ဦးညီထွန်း ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ မေးခွန်းများကို တစ်ခုချင်းအလိုက် ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ၏ ကြယ်ပွင့်ပြမေးခွန်းဖြစ်သည့် ချင်းပြည်နယ်၊ ဟားခါးမြို့ ရေရရှိရေး သီမစ်ချောင်းမှ ရေသွယ်ရေးစီမံကိန်း၏ နောက်ဆုံးအခြေအနေ၊ ဟားခါးမြို့ မြို့မစျေး တည်ဆောက်ပြီးစီးမှုအခြေအနေနှင့် ၂၀၁၅ ခုနှစ်တွင် ဟားခါးမြို့ မြေပြိုမှုကြောင့် သဘာဝအလှများနှင့် သစ်တောများပျက်စီးသွားသော RUNG တောင် ပြန်လည်ထိန်းသိမ်းသည့်အစီအစဉ်အား သိရှိလိုခြင်း မေးခွန်းနှင့်ပတ်သက်ပြီး တင်ပြသွားမှာဖြစ်ပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့ ရေရရှိရေး၊ သီမစ်ချောင်းမှ ရေသွယ်ရေးစီမံကိန်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး မှပင် ဆဋ္ဌမပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့၍ ဖြေကြားချက်အား ပေးပို့ခဲ့ရာ ကတိကဝတ်ဖြစ်ပေါ်ခဲ့၍ အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပထမပုံမှန်အစည်းအဝေးမှ အဋ္ဌမပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများအပေါ် ကွင်းဆင်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား ဒသမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ၁၇-၁၂-၂၀၁၈ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပြီး ဒသမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော်က အတည်ပြုခဲ့ပြီးဖြစ်ပါသဖြင့် လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားလွှတ်တော်ရုံးမှ ၂၇-၁၂-၂၀၁၈ ရက်စွဲပါစာအမှတ်၊ ၁/အမ(ဥပဒေ)(အာမကတိ)/၂၀၁၂-၂၆၀ ဖြင့် ပေးပို့ခဲ့ပြီးဖြစ်ရာ ချင်းပြည်နယ်အစိုးရအဖွဲ့မှ အကြံပြုချက်များအပေါ် ဆက်လက်အကောင်အထည်ဖော်လျက်ရှိပါကြောင်း ဦးစွာ တင်ပြထားရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့သည် တောင်ပေါ်ဒေသဖြစ်သည်နှင့်အညီ ရေကိုမြင့်ရာမှနိမ့်ရာသို့ စီးဆင်းသောစနစ်ကို အသုံးပြုပြီး ရေလှောင်ကန်များမှ မြို့နေပြည်သူလူထုထံသို့ ရေဖြန့်ဝေသည့်စနစ်ကို အသုံးပြုလျက်ရှိပါတယ်။ ၂၀၁၃ ခုနှစ်မှစ၍ စိမ့်စမ်းရေထွက်များမှ ရေထွက်နှုန်းလျော့ပါးလာသဖြင့် ဟားခါးမြို့နေပြည်သူများ သောက်သုံးရေရှားပါးမှုပြဿနာ ကြုံတွေ့လာနိုင်သည့်အတွက် ပြည်သူများ တစ်နှစ်တာကာလပတ်လုံး သောက်သုံးရေဖူလုံစွာ ရရှိသုံးစွဲနိုင်ရန် သီမစ်ချောင်းမှ ဟားခါးမြို့သို့ ရေတင်နိုင်ရေးကို ဂျပန်နိုင်ငံမှ ကျွမ်းကျင်ပညာရှင်များအား အကူအညီတောင်းခံ၍ ပဏာမတိုင်းတာမှုများပြုလုပ်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။ ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းကို မြန်မာ့အလှ ကုမ္ပဏီလီမိတက်မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် DAM တည်ဆောက်ခြင်းလုပ်ငန်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် Main Tank များ တည်ဆောက်ခြင်းလုပ်ငန်းနှင့် DAM နှင့် Main Tank ကြား ရေပိုက်သွယ်တန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည့်အပြင် အောက်ပါလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။

အကြိုတိုင်းတာရေးနှင့် ဓာတ်အားလိုင်း သွယ်တန်းခြင်းလုပ်ငန်း၊ ပင်မတာမံတည်ဆောက်ခြင်းလုပ်ငန်း၊ အနည်ကျရေစစ်ကန် Treatment Plant တည်ဆောက်ခြင်းလုပ်ငန်း၊ Storage tanks and Pump House တည်ဆောက်ခြင်းလုပ်ငန်း၊ Water Supply System ရေဖြန့်ဝေလိုင်းစနစ်၊ ရေးဆွဲပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ်သန်း (၂၉၀၀)ဖြင့် ဂါလံ (၅၀၀၀)ဆံ့ Sub Tank (၄၂)လုံးပြုလုပ်ခြင်း၊ Main Tank (၁၂)ကန်မှ Sub Tank (၄၂)ကန်သို့ (၆)လက်မ GI ပိုက်သွယ်တန်းခြင်း၊ Sub Tank မှ Control Box များသို့ (၄)လက်မ GI ပိုက်များ သွယ်တန်းခြင်း၊ Control Box နှင့် ရေမီတာများတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မိုးကုတ်ရွှေရည်ကုမ္ပဏီနှင့် K&DL ကုမ္ပဏီတို့မှ တင်ဒါအောင်မြင်ခဲ့ပြီး လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ပြည်နယ်စာရင်းစစ်ချုပ်ရုံးမှ ဦးဆောင်၍ အဖွဲ့(၆)ဖွဲ့ဖြင့် စစ်ဆေးခဲ့ရာ စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာများအရ ကုမ္ပဏီများဘက်မှ ပြန်လည်ပြုပြင်ဆောင်ရွက်ရမည့်အချက်များကို ပြန်လည်ဆောင်ရွက်စေလျက်ရှိပါတယ်။

ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်းဆောင်ရွက်နေသော စီမံကိန်းလုပ်ငန်းမှ လက်ရှိအချိန်မှာ သီမစ်ရေ အမြင့်တင်စက်ဖြင့် မြို့တွင်း ရေဖြန့်ဝေလိုင်းစမ်းသပ်နိုင်ရေးအတွက် ရေတင်ခြင်းအပြင် လက်ရှိအချိန်အထိ ဟားခါးထာရ်(၁/၂)ရပ်ကွက်တွင် ပြည်သူ့အိမ်ခြေပေါင်း (၁၀၃၂)အိမ်အား အပတ်စဉ် တစ်ပတ်လျှင် (၂)ကြိမ် ရေဖြန့်ဝေပေးခြင်း၊ ဌာနဆိုင်ရာများဖြစ်သော ခရိုင်ဥပဒေရုံး၊ ခရိုင်ကျေးလက်ရုံး၊ ပြည်နယ်ကျေးလက်ရုံး၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းအိမ်ရာ၊ ပညာရေးကောလိပ်၊ ဟားခါးကောလိပ်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူငယ်သင်တန်းကျောင်းအပြင် ဇေတဝန်ကျောင်း၊ ဟားခါး အခြေချစစ်ဗျူဟာနှင့် ချင်းပြည်နယ် တရားလွှတ်တော်အဆောက်အအုံနှင့် ချင်းပြည်နယ် လွှတ်တော်ရုံးတို့အား အပတ်စဉ် ရေပေးဝေလျက်ရှိပါတယ်။

ချင်းပြည်နယ်၊ ဟားခါးမြို့တွင်း ရေပေးဝေရေးလုပ်ငန်း ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ၂-၇-၂၀၁၉ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်နယ်အစိုးရ အစည်းအဝေးအမှတ်စဉ် (၁၀/၂၀၁၉) ဆုံးဖြတ်ချက် (၂၆)အရ ဟားခါးမြို့ ရေပေးဝေရေးလုပ်ငန်း ကြီးကြပ်မှုကော်မတီနှင့် အကောင်အထည်ဖော်ရေးကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ရာ ဟားခါးမြို့တွင်း ရေပေးဝေရေးလုပ်ငန်း အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ၊ စည်ပင်သာယာရေး၊ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဆောင်မှုဖြင့် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းရေပေးဝေရေးလုပ်ငန်းများကို ပြန်လည်ပြုပြင်ဆောင်ရွက်ရာတွင် အုပ်စု(၁၂)စု A,B,C,D,E,F, G,H,I,J,K,L ရှိသည့်အနက် ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် အထွေထွေပိုလျှံ ရန်ပုံငွေကျပ်(၂၂၀)သန်းဖြင့် အုပ်စု(၁၂)ခုအတွက် Survey တိုင်းတာခြင်းပြုလုပ်ခဲ့ပြီး အုပ်စု(၅)ခု (G,I,J,K,L)တွင် ရေပေးဝေရေးလုပ်ငန်းများ လုပ်ဆောင်ပြီးစီး၍ အုပ်စု(H)အတွက် ရေပိုက်နှင့် ပိုက်ဆက်ပစ္စည်းများအနက် (၆)လက်မဂျီအိုင်ပိုက် ဝယ်ယူခြင်းလုပ်ငန်း (၁၀၀) ရာခိုင်နှုန်းပြီးစီးခဲ့ပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၂၂၀)သန်းဖြင့် အုပ်စု (H,D,E) (၃)ခုတို့အတွက် လုပ်ငန်းဆောင်ရွက်ရာတွင် ၆-၁၂-၂၀၁၉ ရက်နေ့အထိ လုပ်ငန်း၏ (၅၀)ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးကြောင်း တွေ့ရှိရပါတယ်။ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိနေသည့် အုပ်စု (A) (B)(C)(F)တို့အတွက် လိုအပ်လျက်ရှိသော ငွေကျပ် (၅၃၇.၇၀)သန်းအား ပြည်နယ်အထွေထွေပိုလျှံ ရန်ပုံငွေ သို့မဟုတ် ဖြည့်စွက်ရန်ပုံငွေ RE တွင် တင်ပြတောင်းခံပြီး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်တော်သာဈေးသစ်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်ပြီး ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၆၀၀)သန်း၊ ဈေးသူ/ ဈေးသား ထည့်ဝင်ငွေ ကျပ်(၁၆၃)သန်းနှင့် ဆိုင်ခန်းရောင်းရမည့်ငွေကျပ် (၅၀၆)သန်း၊ စုစုပေါင်း (၁၂၆၉)သန်းဖြင့်လည်းကောင်း၊ ၂၀၁၉-၂၀၂၀ ခု၊ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဟားခါးမြို့၊ ပြည်တော်သာဈေး မီးသွယ်တန်းခြင်းလုပ်ငန်းအတွက် ခွင့်ပြု

ရန်ပုံငွေကျပ်(၈၂.၅)သန်းနှင့် ရေရရှိရေးလုပ်ငန်းအတွက် ငွေကျပ်(၄၂.၉၆)သန်း၊ စုစုပေါင်းငွေကျပ်(၁၂၅.၄၆)သန်း၊ စုစုပေါင်း ဈေးတစ်ခုလုံးအတွက် ငွေကျပ်(၁၃၉၅.၂၆၀) သန်းဖြင့် (၁၂၈ x ၆၀)ပေ (၄)ထပ်အဆောက်အအုံကို အဆောက်အအုံ ဦးစီးဌာန အထူးအဖွဲ့(၉)မှ တာဝန်ယူပြီး ဆောင်ရွက်လျက်ရှိပါတယ်။ ၁-၁၀-၂၀၁၈ ရက်နေ့မှ လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၃၀-၁၁-၂၀၁၉ ရက်နေ့အထိ လုပ်ငန်းအားလုံး၏ (၉၉. ၄၀)ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း တင်ပြထားရှိပါတယ်။ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ RUNG တောင်မြေပြိုမှုနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်၊ ဟားခါးမြို့ မြေပြိုမှုကြောင့် သဘာဝအလှများနှင့် သစ်တောများ ပျက်စီးသွားသော RUNG တောင် ပြန်လည်ထိန်းသိမ်းသည့် အစီအစဉ်နှင့် ပတ်သက်၍ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြည်နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုသီးသန့် ရန်ပုံငွေကျပ် (၃၆၆.၅၁၆)သန်းဖြင့် RUNG တောင်(တော်လှန်ရေးရေကန်) ပြုပြင်ခြင်းလုပ်ငန်းများဖြစ်သည့် ကန်အတွင်း ပြန်လည်တူးဖော်ခြင်းနှင့် တာပေါင်ဖို့ခြင်း၊ တာပေါင်ရိုးကျောက်စီခြင်း၊ ကျောက်စီမြေထိန်းနံရံပြုလုပ်ခြင်းနှင့် ရေတံခါး အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါတယ်။

၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင်လည်း ပြည်နယ်(သာမန်)ရန်ပုံငွေကျပ် (၅)သန်းဖြင့် RUNG တောင်(တော်လှန်ရေးရေကန်)အတွင်းမှာ နုန်းဆယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါတယ်။ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့မှ နှစ်စဉ် ဇွန်လနှင့် ဇူလိုင်လများတွင် သစ်ပင်များ စိုက်ပျိုးခြင်း၊ တော်လှန်ရေး ရေကန်ဟောင်းနေရာတွင် စည်ပင်သာယာရေးအဖွဲ့ပိုင် ပန်းခြံတည်ဆောက်ခြင်း၊ ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ကျပ်(၁၇.၅) သန်းဖြင့် တော်လှန်ရေးရေကန်အထက် ပန်းဥယျာဉ်ပြုလုပ်ခြင်းကို စစ်မှုထမ်းဟောင်းအဖွဲ့မှလည်းကောင်း၊ ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ်တွင် ဟားခါးမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ငွေလုံးငွေရင်းရန်ပုံငွေကျပ် (၂၈.၅)သန်းဖြင့် တော်လှန်ရေးရေကန် ပန်းခြံတည်ဆောက်ခြင်းနှင့် သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းများကို မေတ္တာအဏ္ဏဝါ ကုမ္ပဏီမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးကိုယ်စား ဖြေကြားတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီး ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့် ၏ မေးခွန်းနှင့်ပတ်သက်ပြီး ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။ ဒေါက်တာဝင်းမြင့် ၏ မေးခွန်းမှာ ပဲခူးတိုင်းဒေသကြီး၊ မိုးညိုမြို့တွင် မြို့နယ်ခန်းမ (Community Center)တစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းဖြစ်ပါတယ်။ မေးခွန်းနှင့် စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပြန်ကြားလာချက်အပေါ် တင်ပြသွားမှာဖြစ်ပါတယ်။ ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ မိုးညိုမြို့

ရွှေပြည်သာရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ်(၄၇)၊ မြို့မြေ (၀.၅၁၂)ဧကပေါ်တွင် မြို့နယ်ခန်းမအဆောက်အအုံ အပါအဝင် လုပ်ငန်း(၇) ခု တည်ဆောက်ရန်အတွက် တွက်ချက်ခဲ့ရာ စုစုပေါင်း ခန့်မှန်းကုန်ကျငွေကျပ် (၃၂၁၂၀၀၀၀၀)တိတိ ကုန်ကျမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ လောလောဆယ် စည်ပင်သာယာရေးအဖွဲ့မှ လုံလောက်သည့် ရန်ပုံငွေမရှိသေးပါသဖြင့် အဆိုပါ လုပ်ငန်းအား ၂၀၂၀-၂၀၂၁ ခု၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေမှရရှိနိုင်ရေးအတွက် လျာထား တင်ပြတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပဲခူး တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါသည်။ အားလုံး ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၀၈။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို မိနစ် (၂၀)ခန့် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁:၀၈ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁:၃၃ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁:၃၃။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်ပါတော့မယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၁:၃၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကိုကော်မတီကပြန်လည်ဖတ်ကြားရှင်းလင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၃၃။**

**ဦးလားလ်မင်းထန်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်က ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးလားလ်မင်းထန် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်ပေးချက်အရ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းသွားမှာ ဖြစ်ပါတယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**

**တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ်**

**စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊၁/အမ(ကော်မတီ–၁)၁/၂၀၁၉– ၆၆၀

ရက်စွဲ၊ ၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၃၀ ရက်

၁။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ၂၇–၁၁–၂၀၁၉ ရက်နေ့တွင် အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်း၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ဒေါက်တာဝင်းမြင့်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၁)နှင့် နေပြည်တော်ခရစ္စထွန်း(ခ) ဒေါက်တာအားကာမိုး၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)တို့မှ ၄–၁၂–၂၀၁၉ ရက်နေ့တွင် အကြံပြုဆွေးနွေးခဲ့ကြပါသည်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်း

ကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ အမျိုးသားလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ ပြည်သူ့လွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ၁၁-၁၂-၂၀၁၉ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ပါသည်။

**လေ့လာတွေ့ရှိချက်များ**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုး တိုးတက်ရေးဥပဒေကြမ်းကို လေ့လာစိစစ်ရာတွင် -

(က) လက်ရှိဆောင်ရွက်ဆဲဖြစ်သည့် ငါးမွေးမြူရေးဆိုင်ရာဥပဒေကြမ်းနှင့် ညီညွတ်မှု ရှိစေရန် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၂၊ အပိုဒ်ခွဲ (ည)ကို အောက်ပါအတိုင်း ပြင်ဆင်ဖြည့်စွက်သင့်ပါသည် -

၂။(ည) ငါးလုပ်ငန်း ဆိုသည်မှာ ငါးနှင့်ပတ်သက်သော လုပ်ငန်းများကို ဥပဒေနှင့်အညီ စနစ်တကျစီမံခန့်ခွဲရန်၊ စီးပွားဖြစ်လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကိုဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းဆီးခြင်း၊ သားဖောက်ခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ခ) စကားလုံးအသုံးအနှုန်း ပြေပြစ်မှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ်၂၊ အပိုဒ်ခွဲ (ဃ) တွင်ဖော်ပြထားသော သားသတ်ရုံ ဆိုသည့် စကားရပ်ကို အသားထုတ်လုပ်ရေးရုံ ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်ခွဲ(ဏ)တွင် ဖော်ပြထားသော သားသတ်ခြင်းလုပ်ငန်း ဆိုသည့်စကားရပ်ကို အသားထုတ်လုပ်ခြင်းလုပ်ငန်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၂၊ အပိုဒ်ခွဲငယ်(ဓ)နှင့် အပိုဒ်ခွဲငယ်(ဂဂ) တို့ကို အောက်ပါအတိုင်း အသီးသီးအစားထိုး သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၂။(ဓ) ထောက်ခံချက်လက်မှတ် ဆိုသည်မှာ တိရစ္ဆာန်ထွက်ပစ္စည်း၊ မျိုးဗီဇ ပြုပြင်ထားသော ဇီဝပစ္စည်း၊ တိရစ္ဆာန်အစာ၊ တိရစ္ဆာန်သုံးပစ္စည်း၊ တိရစ္ဆာန် သို့မဟုတ် တိရစ္ဆာန်သုံး ဆေးဝါးများအား ပြည်တွင်း၌

ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်း၊ ပြည်ပမှ တင်သွင်းခြင်း၊ ပြုပြင်ထုတ်လုပ်ခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်းတို့အတွက် သယ်ဆောင်ခြင်းကို သော်လည်းကောင်း၊ တိရစ္ဆာန် ကျန်းမာရေးကို သော်လည်းကောင်း၊ အရည်အသွေးကို သော်လည်းကောင်း စစ်ဆေးပြီး ဦးစီးဌာနက ထုတ်ပေးသော လက်မှတ်ကိုဆိုသည်။

(ဂဂ) တိရစ္ဆာန်ကျန်းမာရေးလုပ်သား ဆိုသည်မှာ ဦးစီးဌာနက ဖွင့်လှစ်သော တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ အခြေခံသင်တန်း တက်ရောက်အောင်မြင်ပြီး ဦးစီးဌာနက သတ်မှတ်သောလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ခွင့်ရသည့် အသိအမှတ်ပြုလက်မှတ်ရရှိသူကိုဆိုသည်။

(ဂ) အဓိပ္ပာယ် ပိုမိုပြည့်စုံမှုရှိစေရန်အတွက် ပြည်သူ့လွှတ်တော်က အတည်ပြုထားသည့် အပိုဒ် ၃၊ အပိုဒ်ခွဲ (က)တွင် ဖော်ပြထားသော တိရစ္ဆာန်သုံးဆေးဝါးနှင့် တိရစ္ဆာန်သုံးပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းဆိုသည့် စကားရပ်ကို တိရစ္ဆာန်သုံးဆေးဝါး၊ တိရစ္ဆာန်သုံးပစ္စည်းနှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ ထုတ်လုပ်သည့် လုပ်ငန်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၃၊ အပိုဒ်ခွဲ (ခ) တွင်ဖော်ပြထားသော ပြည်တွင်း စားသုံးမှုဖူလုံစေရန်နှင့် ပြည်ပသို့ တင်ပို့နိုင်စေရေးတို့အတွက် ဆိုသည့်စကားရပ်ကို ပြည်တွင်းစားသုံးမှု ဖူလုံစေပြီး ပြည်ပသို့တင်ပို့ခြင်း သို့မဟုတ် ပြည်ပမှ တင်သွင်းခြင်းတို့တွင် ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) ခေတ်ကာလနှင့် လိုက်လျောညီထွေမှုရှိစေရန်အတွက် အပိုဒ် ၄၄ တွင် ဖော်ပြထားသော သားသတ်ရုံ တည်ထောင်ခြင်းလုပ်ငန်း၊ သားသတ်ခြင်းလုပ်ငန်း ဆိုသည့် စကားရပ်ကို အသားထုတ်လုပ်ရေးရုံ တည်ထောင်ခြင်း၊ အသားထုတ်လုပ်ခြင်း လုပ်ငန်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၄၇၊ အပိုဒ်ခွဲ (ဃ)နှင့် အပိုဒ် ၄၈၊ အပိုဒ်ခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၄၇။(ဃ) ပုဒ်မ ၄၂၊ ပုဒ်မခွဲ (ဃ) သို့မဟုတ် (င)ပါ တားမြစ်ချက်များကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံးသုံးနှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၄၈။(က) ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်ထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်း ၂၀ မှ အများဆုံး ကျပ် ၇၅ သိန်းထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

(င) မြန်မာစာအရေးအသား မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက်လည်းကောင်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ခဲ့ပြီး ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကြမ်းအပေါ် အကြံပြုဆွေးနွေးခဲ့ကြသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာကော်မတီများ၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် ဥပဒေကြမ်းကော်မတီက မူလတင်ပြထားသည့် ပြင်ဆင်ချက်များနှင့် ယခုထပ်မံပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၄၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ဥပဒေကြမ်းကို လွှတ်တော်ရဲ့ အဆုံးအဖြတ်ရယူ၍ အတည်ပြုဆောင်ရွက်မှာဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီက ပြင်ဆင်ချက်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို တစ်ပိုဒ်ချင်းစီအလိုက် တင်ပြဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၂။**

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား ကော်မတီအဖွဲ့ဝင်ဖြစ်တဲ့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ကျွန်တော် ဦးစိုးမိုး က တင်ပြသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ဖြည့်စွက်ချက်ဖြစ်တဲ့ အပိုဒ် ၂ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ)(ည) (ဎ)(ဏ)(ဒ)(ဓ)(န)(ဖ)(ရ) (ဂဂ)၊ အပိုဒ် ၃ အပိုဒ်ခွဲ (က)(ခ)(ဆ)၊ အပိုဒ် ၄ အပိုဒ်ခွဲ(က) အပိုဒ်ခွဲငယ်(၈)၊ အပိုဒ် ၈ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၉ အပိုဒ်ခွဲ (ခ)(ဃ)(စ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ(ဂ)(ဃ)(စ)(ဆ)(ဈ) လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂ အပိုဒ်ခွဲ(ခ)(ဂ)(ဃ)(စ)(ဆ)(ဇ) (ည)(ဎ)(ဏ)(ဒ)(ဓ)(န)(ဖ)(ရ)(ဂဂ)၊ အပိုဒ် ၃ အပိုဒ်ခွဲ(က)(ခ)(ဆ)၊ အပိုဒ် ၄ အပိုဒ်ခွဲ (က)အပိုဒ်ခွဲငယ်(၈)၊ အပိုဒ် ၈ အပိုဒ်ခွဲ (ဃ)၊ အပိုဒ် ၉ အပိုဒ်ခွဲ (ခ)(ဃ)(စ)၊ အပိုဒ် ၁၀ အပိုဒ်ခွဲ (ဂ)(ဃ)(စ)(ဆ)(ဈ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)(စ)(ဍ)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ်(၂)(၃)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ (ဂ)(စ)(ဆ)၊ အပိုဒ် ၂၃၊ အပိုဒ် ၂၆၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၃(ဃ)၊ အခန်း (၁၃) အခန်းခေါင်းစဉ် ပြင်ဆင်ချက်တို့ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁ အပိုဒ်ခွဲ(ဃ)(စ)(၃)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (က) အပိုဒ်ခွဲငယ် (၂)(၃)၊ အပိုဒ် ၁၃ အပိုဒ်ခွဲ (ခ)၊ အပိုဒ် ၂၁ အပိုဒ်ခွဲ(ဂ)(စ)(ဆ)၊ အပိုဒ် ၂၃၊ အပိုဒ်၂၆၊ အပိုဒ် ၂၉၊ အပိုဒ် ၃၀၊ အပိုဒ် ၃၃ အပိုဒ်ခွဲ(ဃ)၊ အခန်း (၁၃) အခန်းခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်ပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်ဖြစ်သည့် အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)(ဃ)(င)၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁ ပြင်ဆင်ချက်တို့ကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် အဆိုပြု တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။　　။ ဒီပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၂ အပိုဒ်ခွဲ(ဂ)(ဃ)(င)၊ အပိုဒ် ၄၃ အပိုဒ်ခွဲ(က)၊ အပိုဒ် ၄၄၊ အပိုဒ် ၄၅ အပိုဒ်ခွဲ(ခ)(ဂ)၊ အပိုဒ် ၄၇ အပိုဒ်ခွဲ(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၄၈ အပိုဒ်ခွဲ(က)(ခ)၊ အပိုဒ် ၄၉၊ အပိုဒ် ၅၀၊ အပိုဒ် ၅၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။

**ဦးစိုးမိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။　　။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမျိုးသားလွှတ်တော်က ယခု ပြင်ဆင်ချက်များဖြင့် အတည်ပြုထားသော

ဥပဒေကြမ်း၏ အပိုဒ်၊ အပိုဒ်ခွဲများမှအပ ကျန်ရှိသော အပိုဒ်၊ အပိုဒ်ခွဲများကို ပြည်သူ့လွှတ်တော်၏ အတည်ပြုချက် အတိုင်း ဆက်လက်အတည်ပြုပေးနိုင်ပါရန် အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ ဒီတင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်အတိုင်း အတည်ဖြစ်သည်။

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈) (ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီ)က ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁:၄၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွေး က ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၂၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်သို့ ပေးပို့ထားပါတယ်။

ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုကို ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး က အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၁:၄၈။**

**ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်က ရန်ကုန်တိုင်းဒေသကြီး

မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပအလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်ထွေး ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေ ဥပဒေကို ၂၂-၃-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၇)နှင့် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ နည်းဥပဒေကို ၁၂-၇-၂၀၁၃ ရက်နေ့မှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်နှင့် ထုတ်ပြန်ခဲ့ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ကော်မတီရဲ့ ဖွဲ့စည်းမိန့်မှာပါသည့် တာဝန်များထဲမှ အပိုဒ် ၄(ည)အရ တည်ဆဲအလုပ်သမားဥပဒေများကို လေ့လာသုံးသပ်ပြီး လတ်တလောပြင်ဆင်ရန် လိုအပ်သောဥပဒေများကို ဦးစားပေးအဆင့်သတ်မှတ်၍ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရန်အတွက် ကော်မတီအတွင်း အကြိမ်ကြိမ် ဆွေးနွေးသုံးသပ်ခြင်း၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်ရှင်ကိုယ်စားလှယ်၊ အလုပ်သမားကိုယ်စားလှယ်များ၊ အနည်းဆုံးအခကြေးငွေသတ်မှတ်ရေးဆိုင်ရာ အမျိုးသားကော်မတီဝင်များ၊ ရှေ့နေချုပ်ရုံးမှ ပညာရှင်များတို့နှင့် တွေ့ဆုံဆွေးနွေး အကြံပြုချက်များရယူခဲ့ပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအဖြစ် အမျိုးသားလွှတ်တော်သို့ တင်သွင်းရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို လေ့လာသည့်အခါမှာ နိဒါန်း၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ တာဝန်နှင့်လုပ်ပိုင်ခွင့်၊ အမျိုးသားကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ပိုင်ခွင့်များ၊ အနည်းဆုံးအခကြေးငွေနှင့် ပတ်သက်၍ အခြေခံရမည့်အချက်များ အစရှိသည့် ပုဒ်မ၊ ပုဒ်မခွဲတွေမှာ ဖော်ပြချက်များက အဓိပ္ပာယ်ဖောင်းပွနေခြင်း၊ လက်တွေ့ကျင့်သုံးရန် ဆီလျော်မှုမရှိသော အချက်တချို့ပါရှိနေခြင်း၊ အချို့သော ပုဒ်မ၊ ပုဒ်မခွဲများသည် အခြားသော အလုပ်သမားဥပဒေများ၊ နည်းဥပဒေများတွင်သာ ဖော်ပြသင့်သည်များကို တွေ့ရှိရပါတယ်ခင်ဗျား။

ဥပမာအနေနှင့်ပြောရရင် လက်ရှိဥပဒေမှာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ခြင်းကို အလုပ်ရှင်၊ အလုပ်သမား၊ အစိုးရကိုယ်စားလှယ်များရဲ့ သုံးပွင့်ဆိုင်သဘောတူညီချက်နှင့် သတ်မှတ်ရန်ပြဋ္ဌာန်းခြင်းက ပြည့်စုံလုံလောက်မှုမရှိပါဘူး။ တကယ်ဆို စီးပွားရေးပညာရှင်များ အလုပ်သမားရေးရာကျွမ်းကျင်ပညာရှင်များ အစရှိသူတို့ ပါဝင်သင့်တယ်လို့ ယူဆပါတယ်။ နောက်တစ်ခုအနေနဲ့ ပုဒ်မ ၅ ပုဒ်မခွဲ(ဇ)မှာ အနည်းဆုံးအခကြေးငွေ သတ်မှတ်ရန်အတွက် (၂)နှစ်လျှင်တစ်ကြိမ် အနည်းဆုံးပြင်ဆင်ရမည့် အမိန့်ကြော်ငြာစာကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်နှင့် ကြော်ငြာခြင်းဆိုတဲ့ ပြဋ္ဌာန်းချက်က (၂)နှစ်ပြည့်ခါနီးတိုင်း အလုပ်သမားတို့ရဲ့ လုပ်ခလစာတိုးမြှင့် ရလိုမှု၊ အလုပ်ရှင်တို့ရဲ့ ရင်းနှီးမြှုပ်နှံမှုသဘောအရ ခန့်မှန်းကုန်ကျစရိတ် တွက်ချက်ထားမှုတို့အရ တိုးမြှင့်ပေးရန်ခက်ခဲခြင်းတို့ကြောင့် လုပ်ငန်းခွင်တည်ငြိမ်မှုကို ထိခိုက်စေခြင်းတို့ ဖြစ်ပေါ်စေနိုင်ပါတယ်။ ၂၈-၈-၂၀၁၅

ရက်နေ့မှာ တစ်နေ့အလုပ်ချိန် (၈)နာရီကို (၃၆၀၀)ကျပ် ၁၄-၅-၂၀၁၈ ရက်နေ့မှာ တစ်နေ့ အလုပ်ချိန် (၈)နာရီကို (၄၈၀၀)ကျပ် ပြင်ဆင်သတ်မှတ်ခဲ့ပြီးဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ မေလမှာ မဖြစ်မနေ ပြင်ဆင်သတ်မှတ်ပေးရမည့် သဘောဖြစ်နေပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ တကယ်တမ်းအားဖြင့် အနည်းဆုံးအခကြေးငွေ သတ်မှတ်ရတာမျိုးက နိုင်ငံ၏ ပကတိစီးပွားရေးတိုးတက်မှု၊ ကုန်ဈေးနှုန်းအခြေအနေ၊ လူနေမှု၊ စားစရိတ် စတာတွေကို အမျိုးသားကော်မတီအဖွဲ့မှ စဉ်ဆက်မပြတ်သုံးသပ်နေပြီး ဘက်စုံချင့်ချိန်ကာ အချိန်အခါသင့်တဲ့ အခါမှာ ဆောင်ရွက်သင့်ပါတယ်။ တစ်နှစ်အတွင်း ပြင်ဆင်သင့်ရင်လည်း ပြင်ရမယ်။ (၁၀)နှစ်အတွင်း ပြင်ဆင်သင့်ရင်လည်း ပြင်ဆင်ရမယ်လို့ မြင်ပါတယ်။ စီးပွားရေးပညာ သဘောအရဆိုရင်လည်း (၂)နှစ်တစ်ကြိမ် ပြင်ရမယ်လို့ ကြိုတင်သတ်မှတ်ထားခြင်းက ဘယ်လိုမှ မဖြစ်သင့်မဖြစ်ထိုက်ပါဘူး။ အလုပ်ရှင်တွေအတွက်ရော အလုပ်သမားနှင့် အစိုးရအတွက်ပါ ဖိအားတွေ ဖြစ်စေနိုင်ပါတယ်။

သို့ဖြစ်ပါသောကြောင့် အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များကို ပြည့်မီစေရေး အတွက် အလုပ်သမားများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေးနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားတို့ တိုးတက် လာစေရေးအတွက် အလုပ်သမားဈေးကွက်မျှတစွာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာစေဖို့ အတွက် ရည်ရွယ်ပြီး ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်ကြီးမှ လက်ခံဆွေးနွေးအတည်ပြု ဆုံးဖြတ်ပေးနိုင်ပါရန် ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေပုဒ်မ ၁၈၂ ပုဒ်မခွဲ (ခ)တို့နှင့်အညီ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁:၅၂။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁:၅၂။**

**ဒေါက်တာခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မက ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ခင်မကြီး ဖြစ်ပါတယ်။ ဒီနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန် အစည်းအဝေး ဒုတိယမြောက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဦးကျော်ထွေး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာကော်မတီ ဥက္ကဋ္ဌမှ တင်သွင်းသော ၂၀၁၃ ခုနှစ်၊ အနည်းဆုံး အခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသား လွှတ်တော်ကြီးမှ လက်ခံဆွေးနွေး အတည်ပြုဆုံးဖြတ်ပေးပါရန် ထောက်ခံတင်ပြအပ်ပါတယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့်/မသင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁:၅၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သင့်/မသင့် လွှတ်တော်ရဲ့ သဘောထားရယူပါမယ်။

၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ဦးကျော်ထွေး တင်သွင်းသည့် ၂၀၁၃ ခုနှစ်၊ အနည်းဆုံးအခကြေးငွေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်းကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော်(၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ ရပ်နားကြောင်းနှင့် တတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၁:၅၅။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့ကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့(တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည် ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၅)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၁၁:၅၅နာရီ အချိန်တွင် ရပ်နားပါသည်။ ]